

# ဘုရားဟောတဲ့သော ယုံလိုက်စမ်းပါ

(အာသဝခြောက်မျိုး)

ဟောကြားသည့်နေ့

(၅-၁၂-၅၉)

၁၇၉

ကျေးဇူးတော်ရှင် မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၄၅)မှ ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

**မိုးကုတ်ဆရာတော်ဘုရားကြီး**

မိုးကုတ်မြို့ မင်္ဂလာရိပ်သာ ဓမ္မာရုံကြီးပေါ်တွင်

ဟောကြားတော်မူသော တရားတော်

# ဘုရားဟောတာသာ ယုံလိုက်စမ်းပါ

(အာသဝနှင့်စပ်သော နိဗ္ဗေဓိကပရိယာယ ခြောက်မျိုး)

ဟောကြားသည့်နေ့

(၅ - ၁၂ - ၅၉)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော် ဘုရားကြီး

ဟောကြားတော်မူသော

သစ္စာလေးပါး တရားတော်

အမှတ်စဉ် (၄၅)မှ ထုတ်နုတ် ပုံနှိပ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့၏
မူပိုင်ဖြစ်သည်။


| |
|---|
| မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။ |



**ထုတ်ဝေသူ**

ဦးအောင်နိုင်မြင့် (မြ- ၀၄၃၇၅)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်၊
အမှတ် (၈၂)၊ နတ်မောက်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
☎ - ၅၄၁၈၆၀

**ချုပ်နှောဖုံးနှင့် အတွင်းပုံနှိပ်**

ဒေါ်သင်းသင်းကြိုင် (မြ-၀၃၉၄၅)
ဆန်းမြသီဂီအော့ဖ်ဆက်
အမှတ် (၁၉၉)၊ ၅၁-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ - ၂၉၀၉၃၀၊ ၂၉၁၄၂၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာရိပ်သာ ဓမ္မာရုံကြီးပေါ်တွင်
ဟောကြားတော်မူအပ်သော တရားတော်

# ဘုရားဟောတာသာ ယုံလိုက်စမ်းပါ

## (အာသဝနှင့်စပ်သော နိဗ္ဗေဓိကပရိယာယ ခြောက်မျိုး)

ဟောကြားသည့်နေ့
(၅ - ၁၂ - ၅၉)

နိဗ္ဗေဓိကသုတ်ကို ဒီနေ့ဟောလိမ့်မယ်၊ ဆက္ကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော် ကိုယ်တော်တိုင်ဟောတာ နိဗ္ဗေဓိက ပရိယာယ ထိုးထွင်းပြီး သိရမည့်အကြောင်း၊ ထိုးထွင်းပြီး သကာလ သိရမည့် အကြောင်းကို ဒကာ ဒကာမတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောလိမ့်မယ်လို့ မှတ်ထားရမယ်နော် . . . (မှန်ပါ)။

**ထိုးထွင်းတဲ့ဉာဏ်ပေးတဲ့နေ့**

ဒကာဒကာမတွေမှာ ထိုးထွင်းသိတတ်တဲ့ ဉာဏ်ပေးတဲ့ နေ့ပဲလို မှတ်ရမယ်. . . (မှန်ပါ) ထိုးထွင်းပြီးသကာလ. . .

(သိရမည့်ဉာဏ်ပါဘုရား) သိရမည့်ဉာဏ်ပေးမည့်နေ့ပဲလို့ အားလုံး ဒကာဒကာမတွေ မှတ်ကြပါ. . . (မှန်ပါ့)။

ထိုးထွင်းတဲ့ဉာဏ်ရှိမှသာလျှင်တဲ့၊ ဒကာဒကာမတို့ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန်ရောက်မှာ. . . (မှန်ပါ့) သာမည ဉာဏ်နဲ့ မရောက်နိုင်ဘူးဆိုတာ မှတ်ထားပါ. . . . (မှန်ပါ့)။

အဲဒီတော့ ဒီဆက္ကဆိုတဲ့ 'ဆ' ဆိုတာ ခြောက်ခု ခြောက်မျိုးကို သူပြမယ်. . . (မှန်ပါ့) ခြောက်မျိုးပြမယ်ဆိုတော့ သူ့ရှေးဦးစွာ ဘာပြလိုက်တုံးဆိုတော့ အာသဝ မင်းတို့ အရင် သိဖို့ အရေးကြီး တယ်ကွာဆိုပြီး၊ အာသဝကို အရင်သိဖို့ ကိုမြင့်တို့ မောင်နိုင်တို့ ဟောတယ်နော်. . . (မှန်ပါ့)။

## အာသဝဆိုတာ

အဲဒီတော့ ဒကာဒကာမတွေ အာသဝဆိုတဲ့ဥစ္စာ မှတ်ထားကြပါ။ ဘုံဘဝတွေကို ငရဲရောက်လိုက်၊ တိရစ္ဆာန် ရောက်လိုက်၊ ပြိတ္တာဘုံရောက်လိုက် သူလှည့်ပေးတာလို့ မှတ်ရမယ်. . . (မှန်ပါ့)။

သုံးဆယ့်တစ်ဘုံထဲမှာ တစ်ခါတည်း အိုဘေး၊ နာဘေး၊ သေဘေးတွေကို ခဏခဏ တွေ့နေရတာ၊ ဩော် အာသဝက လှည့်ပေးတာပါလား၊ အာသဝဆိုတဲ့ ဝဲဩဃကြီးက လှည့်ပေး တာပါလား။

ရေထဲမှာ ဝဲသြဃ မြင်ဖူးကြပါလိမ့်မယ်. . . (မှန်ပါ့)။ ရေထဲမှာ ဝဲကလေးတွေမြင်ဖူးတော့ ဝဲလေးထဲမှာ ရောက်သွားတဲ့ သစ်ရွက်ကလေးကိုဖြစ်စေ၊ တုံးကလေးကိုဖြစ်စေ တစ်ခါတည်း ဝဲကလှည့်ပေးလိုက်တာ မောင်နိုင်တို့ မြင်ဖူးတဲ့အတိုင်း ကိုယ့် သဘောကို ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

ဝဲသဘောအတိုင်း တုံးကလေးတွေ၊ သစ်ရွက်ကလေးတွေဟာ လှည့်နေရရှာတယ်. . . (မှန်ပါ့) လှည့်နေပြီး သကာလ လှည့်လှမကလှည့်၊ ကျဉ်းလှမက ကျဉ်းပြီးသကာလ အံ့မယ် ရေထဲများအောက်များ မြုပ်သွားလိုက်သေးတယ်. . . (မှန်ပါ့)။

မြုပ်သွားပြီးသကာလ တစ်ခါ ပရမ်းပတာ ဟိုဘက်သွားပြီးသကာလ ပေါ်လိုက်သေးတယ်ဆိုတာကော မြင်ဖူးသလား . . . (မြင်ဖူးပါတယ်ဘုရား)။

ဩော်-ဒါဖြင့် ဒီသစ်ရွက်ကလေး၊ ဒီတုံးလေး ဘယ်သူလှည့်နေပါလိမ့်မတုံးဆိုတော့ ဝဲသြဃဆိုတဲ့တရားက လှည့်နေတာပဲလို့ဆိုလို့ရှိရင် ဒကာဒကာမတွေ သိကြမှာပါ . . . (မှန်ပါ့)။

## အာသဝသတ္တိ

ဒီမှာလည်း ဒကာဒကာမတွေတည်းဟူသော သစ်တုံးသစ်ရွက်ကို အာသဝဆိုတဲ့တရားက တစ်ခါတည်း သုံးဆယ့်

တစ်ဘုံထဲမှာ ဟိုဘုံအသေခိုင်းလိုက်၊ ဟိုဘုံအနာခိုင်းလိုက်၊ ဟိုဘုံ အရှက်ကွဲခိုင်းလိုက်၊ ဒီဘုံမှာ အရှက်ကွဲခိုင်းလိုက်၊ ဟိုဘုံမှာ ငရဲအခံ ခိုင်းလိုက်၊ ဟိုဘုံမှာ ချိုကြီးပေါက်ပြီးသကာလ သူက လုပ်လိုက်၊ ဟိုဘုံမှာ လမိုင်းကပ်ပြီးသကာလ သူက လှည့်ပေး လိုက်။

အမယ်လေး . . . သုံးဆယ့်တစ်ဘုံမှာ ဒကာ ဒကာမ တို့ ကျုပ်တို့မှာ ရုပ်စုံကနေရတယ်ဆိုရင်ကော လွဲပ့ါမလား . . . (မလွဲပါဘူးဘုရား)။

အဲဒီတော့ ဘယ်သူ့သတ္တိလို့ ထင်ကြပါလိမ့်မတုံးလို့ မေးတော့မှ ဩော် . . . အာသဝ သတ္တိပါလားလို့ ပေါ်လာ တယ် (မှန်ပ့ါ) ဘယ်သူ့သတ္တိပါလိမ့် . . . (အာသဝသတ္တိပါ ဘုရား)။

## ဘုန်းကံရှိလို့ သိရတာ

ကြပ်ကြပ်ဂရုစိုက်ပြီး မှတ်ကြစမ်းပါ။ ဒီအာသဝကို ယနေ့ ဒကာဒကာမတို့ ဖြုတ်နည်း၊ သိမ်းနည်းနဲ့တကွ ကျင့်နည်း ကြံနည်း နဲ့တကွ၊ ချုပ်နည်းသိမ်းနည်းကိုပါ သေသေချာချာ ဟောမည့် ထိုးထွင်း သိရမည့်အကြောင်းကို ဘုရားဟောတဲ့ သုတ်ဖြစ်လေသောကြောင့် ဩော် . . . ငါတို့ဖြင့် ဘုန်းရှိ ကံရှိတဲ့ ပုဂ္ဂိုလ်တွေမို့ သိရပေပြီ၊ ဒါဖြုတ်လိုက်လို့ရှိရင်လည်း တို့မှာ

လည်စရာ၊ ပတ်စရာမရှိပါလား၊ တည်စရာ တန့်စရာသာ ရှိတော့ပါလားဆိုတာ ကိုမြင့်တို့၊ မောင်နိုင် တို့ မှတ်ရမယ်. . . (မှန်ပါ့)။

အာသဝချုပ်တော့ လည်စရာ၊ ပတ်စရာ ရှိသေးရဲ့လား (မရှိတော့ပါဘုရား)။ တည်စရာ၊ တန့်စရာသာရှိတော့တယ် ဆိုတာ အသေအချာမှတ်ပါ . . . (မှန်ပါ့)။

## ခြေနှစ်ချောင်းက ခြေလေးချောင်း

ခုခင်ဗျားတို့ ခြေနှစ်ချောင်းနဲ့နော်. . . (မှန်ပါ့) စုတေပြီး ခြေလေးချောင်းဘက်ကို ပို့လိုက်တာကလည်း ဘာထင်ကြတုံး . . . (အာသဝပါဘုရား)။

ခြေလေးချောင်းကနေပြီး ခြေများတဲ့ ကင်းခြေများ ဘက်ပို့ လိုက်ပြန်လို့ရှိရင်လည်း ဘယ်သူထင်ကြတုံး . . . (အာသဝပါ ဘုရား) သူလှည့်ပစ်လိုက်တာ (မှန်ပါ့) ကျုပ်တို့မှာ ကျုပ်တို့သဘော ပါသေးလား . . . (မပါတော့ပါဘူးဘုရား)။

## တော်သေးရဲ့ဆိုတာ မသုံးပါနဲ့

ဩော်-တယ်ဆိုးတဲ့ အာသဝပါလားလို့ဆိုတာ ယနေ့ စဉ်းစားကြ (မှန်ပါ) စဉ်းစားကြပါ ဒကာ ဒကာမတို့၊ ကိုယ့်အဖြစ် လေးဟာ တော်လှပြီ၊ တန်လှပြီလို့၊ တော်လောက်ပြီ၊ တန်

လောက်ပြီလို့များ စိတ်ထဲ နည်းနည်းမှ မမွေးပါနဲ့ဦး (မှန်ပါ့)။

ဘာကြောင့်တုံးဆိုတော့ ခန္ဓာကြီးက ဒုက္ခသစ္စာကြီးနဲ့ နေရကတည်းက အာသဝလက်ချက် မကင်းသေးဘူး . . . (မှန်ပါ) ကင်းပလား . . . (မကင်းသေးပါဘူးဘုရား)။

မကင်းသေးတော့ ကိုယ့်အဖြစ်လေး တော်ပြီ၊ တန်ပြီ၊ ဒီလောက်ပဲ ချမ်းသာပြီ၊ ဒီလောက်ပဲ လှူရပြီ၊ ဒီလောက်ပဲ တန်းရပြီ၊ ဒီလောက်ပဲ ပေးရပြီ၊ တော်သေးရဲ့ တော်သေးရဲ့ ဆိုတာများ သုံးကိုမသုံးပါနဲ့၊ ဒုက္ခသစ္စာကြီးပွေ့ပြီးသကာလ တော်သေးရဲ့လို့ မပြောပါနဲ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒုက္ခသစ္စာကြီး ပွေ့ပိုက်ထားရပြီးသကာလ တော်သေးရဲ့လို့ မသုံးလိုက်ပါနဲ့လို့ ဆိုရတယ်နော် . . . (မှန်ပါ့) တစ်နည်း အိုတတ်တဲ့ ခန္ဓာကြီး၊ နာတတ်တဲ့ ခန္ဓာကြီး၊ သေတတ်တဲ့ ခန္ဓာကြီး ရှိနေလျက်နဲ့ တော်သေးရဲ့ ဟဲ့ဆိုတာ မသုံးလိုက်ပါနဲ့ (မှန်ပါ့)။

## ဘုရားဟောတာသာ ယုံလိုက်စမ်းပါ

ဒါ သာမညဆရာမဟုတ်ပါဘူး ဒကာ ဒကာမတို့၊ တကယ့် ထိုးထိုးထွင်းထွင်းနဲ့ ဒကာ ဒကာမတွေ အတင်းအဓမ္မ

ကဲ-ခင်ဗျားတို့ ကြိုက်နေတာ အလွဲကြီးပဲ၊ ဒီတစ်ခါ ဇာတ်သိမ်း စမ်းပါဆိုပြီး သကာလ ခင်ဗျားတို့ မျက်လုံးတွေကို ပိတ်ပြီး သကာလ ဘာမှ မဟုတ်တဲ့ မျက်လုံးတွေဖြစ်သောကြောင့် ဒီမျက်လုံး တွေဟာ အပိုထားလိုက်စမ်းပါ၊ ခု ဘုရားဟောတော်မူတာနဲ့ ဆရာသမား ပြောတာသာ အတည်ထားပြီး ယုံလိုက်စမ်းပါဆိုတာ ဟောတော့ တာပဲ . . . (မှန်ပ့ါ)။

## အစစ်ကိုပြောတော့မယ်

ငဲ့စရာ မပါတော့ဘူးနော် (မှန်ပါ) အစစ်ကိုပြောတော့မယ်ဆိုတာ ဒကာဒကာမတွေအသေအချာမှတ်ပါ. . . (မှန်ပါ) ကိုင်း ဒါဖြင့် ဒကာဒကာမတို့၊ သုံးဆယ့်တစ်ဘုံမှာ ရုပ်စုံကခဲ့ရတာဟာ ဘယ်သူ့သတ္တိထင်ကြတုံး . . . (အာသဝသတ္တိပါဘုရား) အာသဝသတ္တိနော်။

အဲဒါကြောင့် အာသဝကို မင်းတို့သိစမ်းပါကွာ၊ ရှေးဦးစွာ ငါ (တစ်)နံပါတ် အာသဝကို ခုသိအောင် မင်းတို့ကို ပြောချင်ပါတယ် ဆိုပြီး၊ (တစ်)နံပါတ် ခြောက်ခုဟောမည့်အနက်က (တစ်) နံပါတ်ကို စဟောတယ်. . . (မှန်ပ့ါ)။

## ၁။ အာသဝဘယ်သူတုံး

အာသဝ ဘယ်သူတုံးဆိုလို့ရှိရင် ဒကာ ဒကာမတို့ သား သမီးနဲ့ ပစ္စည်းအာရုံခင်တဲ့အခါ ကာမာသဝလို့ခေါ်သည် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ရောက်ရာဘဝမှာ ဒကာ ဒကာမတွေက ကိုယ့်စီးပွား လေးနဲ့၊ ကိုယ့်သားသမီးလေးနဲ့၊ အင်း-အကြောင်းညီညွတ်ပြီး ကိုယ်ဘဝ လေးကိုပဲ အရတော်လှပြီလို့ ထင်နေတာ ဘဝါသဝ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ကာမာသဝ

သားသမီးနဲ့ ပစ္စည်းအာရုံခင်တာက ဘာတဲ့ . . . (ကာမာသဝ) ကာမာသဝထားပါ။ သားသမီးနဲ့ ပစ္စည်း အာရုံခင်နေ တာက (ကာမာသဝ) ကိုယ့်ဘဝလေးကို အရ တော်လှပြီ ထင်နေတာက. . . (ဘဝါသဝပါဘုရား)။ သဘော ကျပလား (ကျပါပြီဘုရား)။

## ဘဝါသဝ

ကိုယ့်ဘဝလေး ကိုယ်အရတော်လှပြီ၊ ငါစားချင်သလို စားရတာပဲ၊ သောက်ချင်သလို သောက်ရတာပဲ၊ လှူချင်သလို

လျှုရသားပဲ၊ ပေးချင်သလို ပေးနိုင်သားပဲ၊ ကမ်းနိုင်သားပဲ၊ ငါ့ဘယ်သူမှ အုပ်ချုပ်ရေးမရှိဘူး၊ တော်သေးရဲ့ တော်သေးရဲ့၊ ကိုယ့်ဘဝကလေး တော်သေးရဲ့၊ ကိုယ့်ဘဝကလေး အရ တော်ပြီလို့ သစ္စာမမြင်ပဲ ပျော်နေတာက ဘဝါသဝ. . . (မှန်ပါ့) ရိပ်မိ ကြပလား . . . (ရိပ်မိပါတယ်ဘုရား)။

## အဝိဇ္ဇာသဝ

အဝိဇ္ဇာသဝက ဩော် ခြေလည်း ငါ့ခြေပဲ၊ လက်လည်း ငါ့လက်ပဲ၊ အကြံဉာဏ်ဟူသမျှ ငါ့အကြံဉာဏ်တွေပဲဆိုပြီး သကာလ တစ်ကိုယ်လုံးထဲမှာ အပ်သွားချစရာမရအောင် ငါတွေစွဲသွားအောင် ဖုံးထားတာက အဝိဇ္ဇာသဝ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကိုင်း သားသမီးနဲ့ ပစ္စည်း အာရုံခင်တာက ဘာတဲ့ (ကာမာသဝပါဘုရား)။ အဲ ကာမာသဝဆိုတာ လောဘပါပဲ နော် (မှန်ပါ) ဘဝါသဝက ဩော် . . . ပေးချင်သလိုပေး၊ ကမ်းချင်သလိုကမ်း၊ လှူချင်သလို လှူပြီးသကာလ ကိုယ့်အပေါ် မှာ အုပ်ချုပ်ရေးမရှိဘူး တော်သေးရဲ့၊ ဒီဘဝမျိုးရတာ တော်သေးရဲ့၊ ကြောက်ကြောက်လန့်လန့်နဲ့ နေရထိုင်ရတာ မဟုတ်ဘူး၊ ကိုယ့်အိမ် ကိုယ့်မင်း ကိုယ့်ချင်းနဲ့ ကိုယ့်အပေါ် မှာ

ဩဇာပေးမည့်သူမရှိဘူး၊ ကိုယ့်ဘဝကလေး တော်သေးရဲ့ ဒါက ဘာပါလိမ့် . . . (ဘဝါသဝ ပါဘုရား) ဘဝါသဝနော် . . . (မှန်ပါ့)။

## ကိုယ့်ဘဝကိုယ်တော်တယ်ပြောတာ သစ္စာမသိလို့

ဒါ လူတိုင်းမှာရှိလို့ဟောပါတယ်. . . (မှန်ပါ့) ခင်ဗျားတို့က မသိဘူး၊ ဒုက္ခသစ္စာ မမြင်လို့ ကိုယ့်ဘဝကိုယ် တော်တယ်လို့ ပြောတာမဟုတ်လား မောင်နိုင်ရ . . . (မှန်ပါ့)။

အဝိဇ္ဇာသဝက ခြေလည်းငါပဲ၊ လက်လည်းငါပဲ၊ အကြဲ ဉာဏ် လည်းငါပဲ၊ မျက်လုံးလည်း ငါပဲဆိုပြီးသကာလ တစ်ကိုယ် လုံးမှာ အနိစ္စတရားတွေ မသိရအောင် ငါချည့်ထင်အောင် ဖုံးထားတဲ့ဥစ္စာက ကိုမြင့်တို့ မောင်နိုင်တို့ ဘာအာသဝလို့ ဆိုကြမတုံး . . . (အဝိဇ္ဇာသဝပါဘုရား)။

အဲ သူတို့ သုံးခုပဲ ဒကာဒကာမတို့၊ အာသဝ သိရမယ်ဆို တာ သူတို့သုံးခုပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ ဘုရား)။

ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ . . . ဘယ်နှစ်မျိုး ရှိတုံး (သုံးမျိုးရှိပါတယ်ဘုရား)။ အဲဒီသုံးမျိုးက ဒကာ ဒကာမ တွေကို တစ်ခါတည်း သုံးဆယ့်တစ်ဘုံထဲမှာ အရုပ်မျိုးစုံ၊

အရှက်တကွဲမျိုးစုံ၊ အသေမျိုးစုံ၊ အနာမျိုးစုံနဲ့ အလှည့်ခိုင်းထားတာ၊ ဒီသုံးခုက အလှည့်ခိုင်းထားတာ. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## မြန်မာလိုတော့ ဝဲဩဃ

သုံးဆယ့်တစ်ဘုံထဲမှာ ဒီသုံးခုကနေပြီး ဒကာဒကာမတို့ လှည့်လိုက် ပတ်လိုက်တဲ့ဖြစ်ခြင်း၊ ဒကာဒကာမတွေဟာ တည်လို့ တန့်လို့ ရသေးရဲ့လား . . . (မရပါဘူးဘုရား)။

အင်း-သူ့ဒါဖြင့် လှည့်တတ်တဲ့ သဘောရှိလေသောကြောင့် ဒီသုံးခု ဘာလို့ခေါ်ကြမတုံး . . . (အာသဝပါဘုရား) အဲ အာသဝ ဆိုတာ ပါဠိလို၊ မြန်မာလိုတော့ ဝဲဩဃ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဩော် . . . တယ်ကြောက်စရာ ကောင်းပါလား . . . ဒကာ ဒကာမတို့ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ကဲဒါဖြင့် နိဗ္ဗာနဓိကသုတ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ ထိုးထိုးထွင်းထွင်းနဲ့ ငါအကြောင်းပြပြီးဟောတဲ့ သုတ်ပါကွာတဲ့၊ မင်းတို့ သာမညနားနဲ့ မထောင်ပါနဲ့လို့ ရှေးဦးစွာ ဘုရားက တောင်းပန်တယ်နော် . . . (မှန်ပါ)။

**အာသဝ ဘယ်သူ့ကြောင့် ဖြစ်သတုံး**

အာသဝသုံးပါး သိပြီလား . . . (သိပါပြီဘုရား)၊ ကဲ (တစ်)နံပါတ်ပြီးသွားတော့ ခြောက်ခုတောင် ဟောရမှာ သြော် . . . အာသဝတော့ တို့သိပြီ၊ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ၊ ဒီအာသဝ သုံးခုဟာ ဘယ့်သူ့ကြောင့် ဖြစ်ပါလိမ့်မတုံး၊ မင်းတို့ လက်သည်ရှာဦး . . . (မှန်ပါ့) လာပြန်တယ် . . . (မှန်ပါ)။

မောင်နိုင် ခုနဟာက အာသဝသာ သိရတာနော် . . . (မှန်ပါ) ခုဟာက ၎င်းအာသဝသုံးခုဟာ ဘယ်သူ့ကြောင့် ဖြစ်ရတာတုံးဆိုတဲ့ဥစ္စာ မင်းတို့လက်သည်ရှာကြဦး . . . (မှန်ပါ) ဒုတိယ လက်သည်ရှာရမယ်နော် . . . (မှန်ပါ)။

ခုနကပြောခဲ့တဲ့ အာသဝသုံးခုက ဘယ်သူ့ကြောင့် ဖြစ်ပါ လိမ့်မလဲဆိုတဲ့ လက်သည်ကို ရှာမိအောင် ရှာစမ်းပါ . . . (မှန်ပါ) ရှာလိုက်တဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သဗ္ဗညုတဉာဏ်နဲ့ ရှာပြီးသကာလ ဒကာ ဒကာမတွေ ကျွတ်တမ်း ဝင်စေချင်၊ လည်မှုပတ်မှုကြီးမှ ရပ်စေချင်တော့ ကွာတဲ့ ဒီအာသဝ သုံးခု၏ လက်သည် အကြောင်းအရင်းကဖြင့် အဝိဇ္ဇာကြောင့်ပေါ့ . . . (မှန်ပါ့)။

ဒါဖြင့် အာသဝသုံးခု၏ အကြောင်းဘယ်သူပါလိမ့် . . . (အဝိဇ္ဇာပါဘုရား) ဒါဖြင့် အာသဝသုံးခုက သိပြီးသားထား၊ ဘယ်သူ့ ကြောင့်ဖြစ်တုံး . . . (အဝိဇ္ဇာကြောင့် ဖြစ်ပါတယ် ဘုရား)။ အဝိဇ္ဇာ ကြောင့် ဒကာ ဒကာမတို့၊ ဘယ်သူ့ကြောင့် ပါလိမ့် . . . (အဝိဇ္ဇာ ကြောင့်ပါဘုရား)။

အဝိဇ္ဇာဆိုတာ ဒကာ ဒကာမတို့ ခေါင်းဆောင်ကြီးပါ။ (မှန်ပါ့) ကျန်တဲ့ အာသဝက လှည့်ပေးရတာ၊ သူတို့လှည့်ချင် သလို လှည့်ပေးရတာလား၊ အဝိဇ္ဇာတည်းဟူသော အကြောင်း က လှည့်ပေးလိုက်ဆိုလို့ လှည့်ပေးရတာလား . . . (အဝိဇ္ဇာ တည်းဟူသော အကြောင်းက လှည့်ပေးလိုက်ဆိုလို့ လှည့်ပေး ရတာပါ ဘုရား)။

## အဝိဇ္ဇာကြောင့် အာသဝဖြစ်တယ်

အဝိဇ္ဇာက လှည့်ပေးလိုက်စမ်းကွာ မင်းတို့က . . . (မှန်ပါ)၊ သတ္တဝါတွေ ငါ အမျိုးမျိုးရုပ်စုံကတာ အိုပွဲ၊ နာပွဲ၊ သေပွဲ တွေထဲ အများကြီးနဲ့တာကို ငါကြည့်ချင်တယ်ကွ ဆိုပြီး ဟောဒီ ခေါင်းဆောင် အဝိဇ္ဇာက နောက်လိုက်အာသဝတွေကို ဒကာ ဒကာမတွေ လှည့်ခိုင်းလိုက်တာ . . . (မှန်ပါ့)။

မနာဘူးလား . . . (နာပါတယ်ဘုရား)၊ အင်း - ဉာဏ်နဲ့ မှတ်ကြနော် . . . ဉာဏ်နဲ့မှတ်ကြနော်၊ ဒကာ ဒကာမတွေ ဉာဏ်နဲ့မှတ်ကြပါ၊ အာသဝသုံးခု၏ အကြောင်း ဘာတွေ တွေ့ပါလိမ့် . . . (အဝိဇ္ဇာပါဘုရား)။

ဩော် . . . ဒါဖြင့် အဝိဇ္ဇာကြောင့်ဖြစ်ရတာ ဖြစ်ပေမှာပဲ ဒကာ ဒကာမတို့ . . . (မှန်ပါ့)၊ အဝိဇ္ဇာဆိုတာကို ဒကာ ဒကာမ တွေမသိလို့ ဘုန်းကြီးကပဲ ချဲ့ပြီးပြောပါဦးမယ် . . . (မှန်ပါ့)။

ဟောဒီ အဝိဇ္ဇာက ဒကာ ဒကာမတို့ သစ္စာလေးပါး မသိတာ အဝိဇ္ဇာပဲ. . . (မှန်ပါ့)၊ ဒုက္ခသစ္စာလည်း သူမသိ . . . (မှန်ပါ့)၊ သမုဒယသစ္စာ. . . (မသိပါဘူးဘုရား)၊ အင်း-နိဗ္ဗာန် ဆိုတဲ့ နိရောဓ သစ္စာ (မသိပါဘူးဘုရား) နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးဆိုတဲ့ မဂ္ဂသစ္စာ. . . (မသိပါဘူးဘုရား)။

ဩော်- မသိတဲ့သူကနေပြီးသကာလ ခေါင်းဆောင်ပြီး သကာလ လှည့်ခိုင်းတာကိုးဆိုတာ ကိုမြင့်တို့ မောင်နိုင်တို့ ရိပ်မိ ပလား . . . (ရိပ်မိပါတယ်ဘုရား)။

## ၂။ အာသဝ၏အကြောင်း

ကဲ ဒါဖြင့် အာသဝ၏အကြောင်း ဒကာ ဒကာမတွေ (နှစ်)နံပါတ်ဖြင့်တွေ့ပါပြီ၊ ဘာပါလိမ့် . . . (အဝိဇ္ဇာပါဘုရား)၊ ဒါဖြင့် အာသဝသုံးပါးနော် . . . (မှန်ပါ့)။

အာသဝ၏ ခေါင်းဆောင်ကို ရှာလိုက်တဲ့အခါကျ တော့မှ အဝိဇ္ဇာ. . . (မှန်ပါ)၊ အဝိဇ္ဇာကြောင့် အာသဝဖြစ်တယ် . . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဘာကြောင့် ဘာဖြစ်ပါလိမ့် . . . (အဝိဇ္ဇာကြောင့် အာသဝ ဖြစ်ပါတယ်ဘုရား)၊ အဝိဇ္ဇာကြောင့် အာသဝ ဖြစ်တယ်။

ကိုင်း ဒါ ဒကာ ဒကာတွေက၊ ဩော် ဒါ ဘုရားဟော တော်မူတာ၊ ဘုရားဟောတော်မူတာ၊ ဘုရားဟောတော်မူတာ လို့ ဒီတင်မရပ်ပါနဲ့ . . . (မှန်ပါ)။

ဘုရားဟောတော်မူတာတင် မထားလိုက်ပါနဲ့၊ ဒို့အိမ်မှာ ကဲ ဒို့ဘာလုပ်တယ်ဆိုတာ စဉ်းစားကြစို့နော်. . . (မှန်ပါ)၊ ဒို့အိမ် မှာ ဒို့ဘာလုပ်တယ်ဆိုတာ စဉ်းစားကြပါစို့၊ ဘုရားဟောတော် မူတာ ကတော့ သူ့အမြင်နဲ့ သူပြောတာ . . . (မှန်ပါ)။

ကိုယ့်အမြင်နဲ့ ကိုယ်ကြည့်ကြဦးစို့ . . . (မှန်ပါ)၊ ကိုပေါ် ကိုယ့်အမြင်နဲ့ ကိုယ်ကြည့်ကြဦးစို့ . . . (မှန်ပါ)၊ အိမ်မှာ ဒကာ ဒကာမတွေက အဝိဇ္ဇာကလည်း မဂ်နဲ့မပယ်ရသေးတော့ ဘယ့်နှယ်များ ဖြစ်နေတုံးမေးတော့ ဒုက္ခသစ္စာဆိုတာကိုလည်း မသိ. . . (မှန်ပါ)၊ သမုဒယသစ္စာဆိုတာကိုလည်းမသိ၊ နိဗ္ဗာန် ဆိုတာ လည်း မသိတဲ့အချိန်ပေါ့ဗျာ . . . (မှန်ပါ)။

## အဝိဇ္ဇာက တစ်အိမ်လုံးမှာ ခေါင်းဆောင်

မဂ္ဂသစ္စာဆိုတဲ့ဥစ္စာ အလုပ်လုပ်တဲ့အချိန်မဟုတ်တဲ့ အချိန် ကျတော့ အဝိဇ္ဇာက တစ်အိမ်လုံးမှာ ခေါင်းဆောင်တယ် . . . (မှန်ပါ့)၊ အဝိဇ္ဇာက ခေါင်းဆောင်နေတော့ ဦးခန့်တို့ ဦးဘကလေးတို့ မှတ်စရာက ကာမာသဝဆိုတဲ့ သားသမီးနဲ့ ပစ္စည်းခင်တာလေးဟာလည်း လာတော့တာပဲ . . . (မှန်ပါ့)။

အင်း- ဘယ်သူကျန်းမာရဲ့လား၊ အင်း- ဘယ်ပစ္စည်း လေးဟာ ရှိမှရှိရဲ့လား၊ ဘယ်ပစ္စည်းလေးမြှုပ်ရတာနဲ့၊ အစပ်ကလေးများ ရရင် ဘယ်လောက်များကောင်းမလဲလို့၊ ကြည့်စမ်း ကြည့်စမ်း . . . (မှန်ပါ့)၊ အိမ်ပေါ်မှာ သူဝင်နေပြီ . . . (မှန်ပါ့)၊ အိမ်ပေါ်မှာဝင်နေပြီး ဒကာ ဒကာမတို့ . . . (မှန်ပါ့)။

ဒါ ဘယ်သူ့ကြောင့် ကာမာသဝ ဝင်လာတယ်ဆိုတာ၊ ခုနက သစ္စာလေးပါးကိုတွေးတဲ့ အားထုတ်တဲ့အချိန်မဟုတ်တဲ့ အတွက် ကာမာသဝက တစ်ခါတည်းမိုးလင်းလာရင် အရင် ရောက်တယ်. . . (မှန်ပါ့)၊ မရောက်ဖူးလား . . . (ရောက်ပါ တယ်ဘုရား)။

ဒါ အိမ်ထဲဝင်ပြီး ဒကာ ဒကာမတို့ . . . (မှန်ပါ့)၊ မဝင် သေးဘူးလား . . . (ဝင်ပါပြီဘုရား)၊ အိမ်ထဲဝင်နေပြီ ဒကာ

ဒကာမတို့၊ ကြပ်ကြပ်စဉ်းစားပါဦး၊ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ အဝိဇ္ဇာရှိနေတဲ့အတွက်၊ မနက်မိုးလင်းလာလို့ရှိရင်ဖြင့် ဝယ်ချင်တဲ့စိတ်၊ ခြမ်းချင်တဲ့စိတ်၊ ရောင်းချင်တဲ့စိတ်၊ ဝယ်ချင်တဲ့ဆီသွားချင်တဲ့စိတ်၊ ခင်ရာမင်ရာကို သွားချင်တဲ့စိတ်၊ ရရာရကြောင်းရှိတဲ့ဆီကို သွားချင်တဲ့စိတ်ပေါ်လာတာ ကာမာသဝ . . . (မှန်ပါ့)။

## အိပ်ရာထ ကာမာသဝလာပြီ

အင်း- ဘယ့်နဲ့ကြောင့် ဒီ ကာမာသဝအိပ်ယာထ အစောကြီးလာပါလိမ့်မလဲလို့ ကိုမြင့်တို့ မောင်နိုင်တို့ မေးလို့ရှိရင် ဟောဒီ အဝိဇ္ဇာက သစ္စာလေးပါး စောစောကြီးက မသိအောင်လုပ်ထား တာ . . . (မှန်ပါ့)။

သစ္စာလေးပါး စောစောကြီးက မသိအောင်လုပ်ထားလိုက်တဲ့အတွက် အင်း- ရောင်းချိန်ဝယ်ချိန် ရောက်လာပြီ၊ သွားချိန် လာချိန်ရောက်လာပြီဆိုတဲ့ ကာမာသဝကလာတယ် . . . (မှန်ပါ့)။

အင်း- ကိုယ်ကျန်းမာတုန်း ကိုယ်သွားမှဖြစ်တယ်ဆိုပြီး ဘဝါသဝကလည်း ကိုယ်ကျန်းမာတုန်း ဘဝါသဝကလည်း ကိုယ်ကျန်းမာလို့ ကိုယ်သွားနိုင်တာကိုး . . . (မှန်ပါ့)။

## ဘဝါသဝကလည်း လာပြီ

ဘဝါသဝကလည်း ကိုယ့်ဘဝလေးကို တစ်ခါတည်း အင်း- ကျန်းမာတုန်း ဂရုစိုက်မှ ကိုယ့်ဘဝကလေး ကျန်းမာတုန်း တစ်ခါနည်း လာတယ်. . . (မှန်ပါ)၊ ဒုက္ခသစ္စာရယ်လို့ သိသေး ရဲ့လား . . . (မသိပါဘူးဘုရား)။

စောစောစီးစီးက အဝိဇ္ဇာက မျက်လုံးပိတ်ထား ပကော ဗျ . . . (မှန်ပါ)၊ မပိတ်သေးဘူးလား . . . (ပိတ်ပါတယ်ဘုရား)၊ အဲဒီမှာ အဝိဇ္ဇာက ဩော်- ဒီတစ်အိမ်လုံးလည်း ငါပဲ ခေါင်းဆောင် နေရတယ်၊ ငါပဲရှာရတာပဲ၊ ငါပဲကျွေးရ, မရှိလဲ ငါ, ရှိလဲ ငါပဲ ဒီတစ် အိမ်လုံးမှာ ဆိုပြီးအမှောင်ဖုံးထားတဲ့အဝိဇ္ဇာ မလာသေးဘူးလား . . . (လာပါတယ်ဘုရား)။

ကိုင်း ဒကာ ဒကာမတို့၊ ဒါက အိမ်ထဲဝင်လာတာ အိမ်ထဲ ဝင်လာတာဟောတာ . . . (မှန်ပါ)၊ မောင်နိုင် သံသရာ မဟော သေးပါဘူး . . . (မှန်ပါ)၊ သံသရာမဟောသေးပါဘူး ဒကာ ဒကာမ တို့၊ စောစောစီးစီး အဝိဇ္ဇာက ခေါင်းဆောင်ကြီး လုပ်ပြီး သကာလ တစ်ခါတည်း ဟို အာသဝသုံးခု မပေါ်ပေါ် အောင် ခိုင်းလိုက်၊ စေလိုက်တာ မြင်ကြပလား . . . (မြင်ပါပြီ ဘုရား)။

ဩော်- မနက်မိုးလင်းအဝိဇ္ဇာဆိုတာ ဘာမှမသိတဲ့ အခြေ အနေရောက်လာတဲ့အတွက် ရရာရကြောင်း ခင်ရာမင်ရာကို သွားချင်လာချင်တဲ့စိတ်၊ တရားအားထုတ်ချင်တဲ့ စိတ်အသာထားပါ။ ရောင်းချင်ဝယ်ချင် ခင်ရာမင်ရာသွားချင်တဲ့ စိတ်၊ ဘယ်သူကျန်းမာ သလား၊ ဘယ်သူမကျန်းမာဘူးလား သိချင်တဲ့စိတ် ကာမာသဝ လာတာ . . . (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် အစောကြီးကာမာသဝ လာပါလိမ့်မတုံး ဆိုတော့ သူ့ထက်စောတဲ့ အဝိဇ္ဇာက အုပ်ချုပ်ပြီးပြီ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ကာမာသဝထက်စောတာ ဘယ်သူပါလိမ့် . . . (အဝိဇ္ဇာ ပါဘုရား)၊ ဒကာ ဒကာမတွေ ဒီဥစ္စာက သံသရာမဟောပါဘူးတဲ့ နော် . . . (မှန်ပါ့)။

ယခု ပစ္စုပ္ပန်တွင် ခင်ဗျားတို့စောစောစီးစီး လူယုတ်မာတွေ ရောက်လာတာ၊ ကိုယ့်အိမ်ဟာ ခင်ဗျားတို့က မသိလို့ သပြေပန်းထိုးပေမဲ့ သူတို့က ဝင်လျက်ပဲ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒကာ ဒကာမတွေ သပြေပန်းကလေးကိုင်ကာ ဒီနေ့ မင်္ဂလာ ရှိတဲ့နေ့၊ သပြေပန်းလေး ဘုရားထိုးပြီးသကာလ၊ မညှိုးမနွမ်းအောင် အောက်က ရေအေးအေးနဲ့ စိုက်မယ်လို့

ဆိုငြားသော်လည်း သူက အစောကြီးရောက်တယ် (မှန်ပါ့) ဘယ်သူအစောကြီးရောက်တုံး (အဝိဇ္ဇာက အစောကြီးရောက်ပါတယ်ဘုရား)၊ အဝိဇ္ဇာက အစော ကြီးရောက်နေတော့ တစ်ခါတည်းရောင်းမဟဲ့၊ ဝယ်မဟဲ့၊ ဒီနေ့ တော့ဖြင့် သွားမဟဲ့ လာမဟဲ့ဆိုတဲ့ ကာမာသဝရောက်လာတယ် . . .။

ကာမာသဝနောက်ကျတယ် ဘယ်သူက ခေါင်းဆောင်ထားလို့ . . . (အဝိဇ္ဇာကခေါင်းဆောင်ထားလို့ပါဘုရား)၊ အဝိဇ္ဇာက စောကြီးက ဒကာ ဒကာမတွေ နိုးနိုးချင်း သူက ရောက်လာတဲ့ အတွက် ဒီအလုပ်စိတ်ကူးမိပြီ . . . (မှန်ပါ့)။

## နိုးနိုးခြင်း အဝိဇ္ဇာရောက်လာတယ်

နိုးနိုးချင်း အဝိဇ္ဇာရောက်လာတဲ့အတွက် နိုးပြီးသည်နဲ့ တစ်ပြိုင်နက်ထဲ ရောင်းဖို့ရာ ဝယ်ဖို့ရာ စိတ်ကူးလာတယ် . . . (မှန်ပါ့)၊ မကူးဘူးလား . . . (ကူးပါတယ်ဘုရား)။

အဲဒီတော့ ဘယ်သူက စောတယ်ဆိုတာ ဒကာ ဒကာမ တွေရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)၊ ဘယ်သူက စောတုံး . . . (အဝိဇ္ဇာက စောပါတယ်ဘုရား)၊ အဝိဇ္ဇာက စောတော့ အဝိဇ္ဇာက စောပြီးတော့မှ အဝိဇ္ဇာက သစ္စာလေးပါးကို ဒီတစ်အိမ်လုံးမှာ ခေါင်းဆောင်တစ်ယောက်၊ တစ်ခါတည်း

မမြင်အောင်ဖုံးပြီး သကာလ ကဲ မင်းကို စောစောစီးစီး ကာမာ သဝဘက်ကို အလှည့် ခိုင်းလိုက်မယ်၊ ကာမာသဝဖြစ်စေရမယ် ဆိုပြီး စောစောစီးစီးကနေပြီး အဝိဇ္ဇာက ကာမာသဝကို အပေါ် ခိုင်းတာ . . . (မှန်ပါ့)။

ရောင်းဟဲ့ ဝယ်ဟဲ့ မခိုင်းဘူးလား . . . (ခိုင်းပါတယ် ဘုရား)၊ သွားဟဲ့ လာဟဲ့ . . . (ခိုင်းပါတယ်ဘုရား)၊ ဘယ်သူက ခိုင်းတာတုံး . . . (အဝိဇ္ဇာက ခိုင်းတာပါဘုရား)။

အဝိဇ္ဇာက မသိအောင် ဖုံးထားတဲ့အတွက် သစ္စာမသိ အောင်ဖုံးထားတဲ့အတွက် ကာမာသဝတစ်ခါတည်း အဝိဇ္ဇာ၏ ကျေးဇူး၊ ကျေးဇူးဆိုတာ အဝိဇ္ဇာ၏ လက်အောက်ခံအဖြစ် ကနေပြီး ဒကာ ဒကာမတို့သန္တာန်မှာ စောစောကြီးက အဝိဇ္ဇာ အလုပ် ထလုပ်တော့ ကာမာသဝ . . . (မှန်ပါ့)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ ဘုရား)။

ဘယ်နဲ့တုံး ဒကာ ဒကာမတွေရဲ့ အဝိဇ္ဇာဖြင့် အဝိဇ္ဇာ အိမ်ထဲဝင်ကတည်းက၊ ကာမာသဝဆိုတဲ့ ဝဲဩဃကြီးက ရောက် လာပါပေ့ါလား . . . (မှန်ပါ့ဘုရား)၊ မရောက်သေး ဘူးလား . . . (ရောက်ပါတယ်ဘုရား)၊ ကြပ်ကြပ်စဉ်းစားပြီး နားထောင်ပါ ဒကာ ဒကာမတို့၊ ဒါ အကြွေးတရားမဟုတ်ဘူး လက်ငင်းဖြစ်နေတာကို ဟောပါတယ်. . . (မှန်ပါ့)၊ လက်ငင်း ဖြစ်နေတယ်၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

မျက်စိနှစ်ကွင်းမှ ဖွင့်ချိန်မရ၊ ဖွင့်ဖွင့်ချင်း အဝိဇ္ဇာက လာပစ် လိုက်တယ် . . . (မှန်ပါ့)၊ အဝိဇ္ဇာလာလို့ရှိရင် ရောင်းဖို့ ဝယ်ဖို့ သွားဖို့လာဖို့ ချက်ချင်းစိတ်ကူးပေါ်တယ် . . . (မှန်ပါ့)၊ မပေါ်လာ ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

အင်း- ဒါဖြင့် အစောဆုံးက ဘယ်သူတုံး . . . (အဝိဇ္ဇာ ပါဘုရား)၊ သူလည်း အစောဆုံးရောက်လာပါရောတဲ့၊ သူ့နောက်က ကာမာသဝလိုက်လာတယ် . . . (မှန်ပါ့)၊ ဘဝါသဝက ဘယ်လို လာသတုံးဆိုရင် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ငါ့ကိုယ်လေး ကျန်းမာချမ်းသာတုန်း၊ နောက် မကျန်းမမာ မချမ်းသာလို့ရှိရင် ဒီအရောင်းအဝယ်နဲ့ ဒီအသွား အလာမလုပ်နိုင်ဘူး၊ ကိုယ်ကျန်းမာ တာလေး ချမ်းသာတာ လေးရှိသေးလို့ဆိုတဲ့ ကိုယ့်ဘဝလေး ကျန်းမာချမ်းသာမှုလေးကို သဘောကျတယ် . . . (မှန်ပါ့)။

## ကိုယ့်ဘဝ ကိုယ်သဘောကျတယ်

ကိုယ့်ဘဝလေး ကိုယ်သဘောကျတဲ့ အဓိပ္ပါယ်ပါ ပလား . . . (ပါ ပါပြီဘုရား)၊ အဲဒါ ဘာအာသဝပါလိမ့် . . . (ဘဝါသဝ ပါဘုရား)။

အင်း- ငါလုပ်မှ ငါရမှာ၊ ငါ့အိမ်မှာ ငါခေါင်းဆောင်၊ ငါလုပ်မှ ငါရမှာ၊ ငါမလုပ်လို့ရှိရင်ဖြင့် တစ်အိမ်လုံးဟာ တစ်ခါတည်း ဗိုင်းဗိုင်းလဲပြီးသကာလ အင်း ဆင်းရဲပွဲကြီးနဲ့ နွဲ့နေကြမှာပဲ၊ ငါပဲခေါင်းဆောင် ငါပဲလုပ်မှပဲ၊ အင်း အဝိဇ္ဇာ သဝလေး ရောက်လာတယ် . . . (ရောက်ပါတယ်ဘုရား)။

ဒကာ ဒကာမတို့ အိမ်ထဲဝင်ပြီနော် . . . (မှန်ပါ့)၊ ခန္ဓာ အိမ်ထဲဝင်ပြီ . . . (မှန်ပါ့)၊ ဘယ်ဝင်ပါလိမ့် . . . (ခန္ဓာအိမ်ထဲ ဝင်ပါပြီဘုရား)၊ ခန္ဓာအိမ်ထဲဝင်ပြီ။

စောစောကြီးဝင်လာတာ ဘယ်သူတုံး . . . (အဝိဇ္ဇာပါ ဘုရား)၊ ဒုတိယဝင်လာတာ ဘယ်သူတုံး . . . (ကာမာသဝပါ ဘုရား)၊ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝသူတို့က **အချိုးကျ** ဝင်လာတာ . . . (မှန်ပါ့)၊ စောစောကြီးဝင်လာတာက . . . (အဝိဇ္ဇာ ပါဘုရား)၊ တော်တော်လေး ခဏလေးနေမှ ရောက် လာတာက . . . (ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝပါ ဘုရား)။

အေး အာသဝသုံးပါး . . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ ဒါ့ကြောင့် ဘယ်အိမ်ပဲကြည့်လိုက် ကြည့်လိုက် ဘယ်မင်္ဂလာမှမရှိပါလား . . . (မှန်ပါ့)၊ အယုတ် တမာတွေ ဝင်နေပါပေါ့လားဆိုရင် လွဲပါ့မလား . . . (မလွဲပါ ဘူးဘုရား)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## ဘုန်းကြီးက သံသရာကြီးစိုးရိမ်လို့ဟောတာ

ကြပ်ကြပ်စည်းစားနားထောင်ပါ။ ဒီနှစ်ချက်တင်ဟောပါသေးတယ်၊ နှစ်ချက်ဟာ ဒကာ ဒကာမတို့က ညြော် ဘုန်းကြီးက ဟောရှာတယ်၊ သံသရာကြီး စိုးရိမ်လို့လို့ ပြောလိုက်စမ်းပါ . . . (မှန်ပါ့)

သံသရာမစိုးရိမ်ဘူး၊ သံသရာဆိုတာ ဒီကလုပ်မှ သံသရာ ကပေါ်တာ . . . (မှန်ပါ့)၊ ဒီဖြစ်စဉ်အတိုင်း သံသရာက သေတော့မှ ဖြစ်ရမှာ၊ ခုမသေခင် အာသဝတွေက အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝဆိုတဲ့ အကျိုးတွေဟာ မနက်မိုးလင်းလာရင် တစ်ခါတည်း ပွေလာတယ် . . . (မှန်ပါ့)၊ မပွေသေးဘူးလား . . . (ပွေပါတယ်ဘုရား)။

အဲဒါ သတိမထားမိဘူး၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဒီနေ့ ငါဘာဖြစ်ပါလိမ့်မတုံးလို့မှ ဒီနေ့ဘယ်သူများ ရှေးဦးစွာရောက် လာပါလိမ့်မလဲလို့တောင်မှ သိတောင် မသိလိုက်ဘူး၊ ခင်ဗျားတို့က စောစောစီးစီးရောက်တာကဖြင့် အဝိဇ္ဇာမို့လား . . . (မှန်ပါ့ဘုရား)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒုတိယရောက်လာတာက အာသဝ . . . (မှန်ပါ့)၊ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ . . . (မှန်ပါ့)၊ ဒုတိယ

ရောက်လာတာက . . . (အာသဝပါဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

အဲတော့ ခင်ဗျားတို့က အင်း သူတို့အိမ်က စောစော စီးစီး ထပြီးသကာလ ဘာများလုပ်နေကြပါလိမ့်မတုံးလို့ ခင်ဗျား တို့ တစ်အိမ်နဲ့တစ်အိမ် အကဲခတ်လည်း ဟိုအိမ်က မီးထွန်းလို့ ဘာများလုပ်နေကြပါလိမ့်မလဲလို့ဆိုတော့မှ အင်း သူတို့သည် ကား ဘာများလုပ်နေကြပါလိမ့်မတုံးလို့ စဉ်းစားကြည့်ပါ၊ စဉ်းစားကြည့်တော့ အစောကြီးဧည့်သည်က ဘယ်သူတုံး . . . (အဝိဇ္ဇာပါ ဘုရား)။

သူနောက်ရောက်လာတာက . . . (အာသဝပါဘုရား)၊ အာသဝ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)၊ အံမလေး ခင်ဗျားတို့အိမ်တွေ စောစောစီးစီးလုပ်နေတာ ဝမ်းထဲရောက်နေ ပါပေါ့လား။

ပါးစပ်ကတော့ဖြင့် ယံဒုန္နိမိတ္တံတွေရွတ်နေတာပဲ . . . (မှန်ပါ့)၊ မရွတ်ကြဘူးလား . . . (ရွတ်ပါတယ်ဘုရား)၊ ရောက်နေတာက ဘယ်သူပါလိမ့် . . . (အာသဝပါဘုရား)၊ အဝိဇ္ဇာတွေ၊ အာသဝတွေ ရောက်မနေဘူးလား . . . (ရောက်နေပါတယ် ဘုရား)။

## နှစ်လုံးတည်းဟောသေးတာ

အင်း ရွတ်တဲ့ပုဂ္ဂိုလ်ထဲမှာ ဒါပါနေတာကိုး နောက်တရားတွေ အရေလည်လာရင် ခင်ဗျားတို့ရှင်းပါလိမ့်မယ် . . . (မှန်ပါ့)၊ ခုတော့ နှစ်လုံးတည်းဟောနေသေးလို့ ခြောက်ခုဟောရမှာကိုး . . . (မှန်ပါ့)၊ ဒီနှစ်ခုရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အစောဆုံး ညွှန်သည်ဘယ်သူတုံး . . . (အဝိဇ္ဇာပါဘုရား)၊ ဒုတိယရောက်လာတာက . . . (အာသဝပါဘုရား)၊ အင်းသွားပြီမောင်နိုင်ရေ အတော့်ကို ခက်နေပါပေ့လား . . . (မှန်ပါ့)၊ ဒကာ ဒကာမတို့အားလုံးပဲ သဘောကျကြပလား . . . (ပါ ပါတယ်ဘုရား)။

ဘုန်းကြီးက ခုဖြစ်စဉ်ကိုက် ဟောနေတယ်ဆိုတာကော ဒကာ ဒကာမတွေဉာဏ်ထဲမှာ ရှင်းပါပလား . . . (ရှင်းပါပြီဘုရား)၊ ဟုတ်ကောဟုတ်ပါရဲ့လား . . . (ဟုတ်ပါတယ်ဘုရား)၊ ဒီအတိုင်း လာတာပဲနော် . . . (မှန်ပါ့)။

ကြည့် ဒကာ ဒကာမတွေက ဆင်ခြေလဲဦးမယ်၊ တော်ကြာ တပည့်တော်တို့က စောစောထတယ်ဆိုပေမဲ့ ဘုရားဆွမ်းတော် ကွမ်းတော်လေးချက်ပါတယ်၊ ကျက်လို့ရှိရင်လည်း ကပ္ပာကယာ ဆွမ်းတော်တင်ပါတယ်ဆိုတာ ခင်ဗျားတို့က ဆင်ခြေတော့လဲဦးမှာပဲ . . . (မှန်ပါ့)၊ လဲရင်နော် . . . (မှန်ပါ့)၊

အဲဒီလဲတဲ့အထဲမှာလည်း သူပါတယ်ဆိုတာ ဘုန်းကြီး ရှင်းပြမယ်။

လဲတဲ့အထဲမှာကို သူပါတယ်ဆိုတာ ရှင်းပြပါ့မယ်၊ ဒါဖြင့် ရှေးဦးစွာ အာသဝသိရမယ်ဆိုလို့ သိပါပြီနော် . . . (မှန်ပါ့)၊ အာသဝဖြစ်ကြောင်းကလည်း ဘယ်သူ့ကြောင့်တဲ့ . . . (အဝိဇ္ဇာ ကြောင့်ပါဘုရား)။

ဩော်- ဒါဖြင့် ဒကာ ဒကာမတွေ ယနေ့နှစ်ချက် သိသွားပြီနော် . . . (မှန်ပါ့)၊ နှစ်ချက်သိသွားပြီ၊ အဲဒီတော့ ခုသိတာကို တရားနာတုန်း သိတာကို ဘုန်းကြီးက တရားနာ တုန်းတော့ မှတ်ရုံပဲ မှတ်ကြပါ . . . (မှန်ပါ့)၊ အိမ်မှာသိစေချင် တယ် . . . (မှန်ပါ့)။

## ဓမ္မာနုပဿနာ

စောစောကြီးဧည့်သည် ဘယ်သူပါလိမ့်မတုံး . . . (အဝိဇ္ဇာပါဘုရား)၊ ဒုတိယရောက်လာတာ ဘယ်သူပါလိမ့် . . . (အာသဝပါဘုရား)၊ အဲဒါကိုသိပြီးသကာလ သိစေ ချင်တယ်၊ အဲဒီလို ဝင်လာတာသိမှသာလျှင် ဒကာ ဒကာမတို့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်မယ်နော် . . . (မှန်ပါ့)။

ဒါတွေဖြစ်ပျက်ရှုနိုင်မှ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြစ်မှာ ကိုး . . . (မှန်ပါ့)၊ ဒါတွေ လက်ခံထားရင် သတိပဋ္ဌာန် သတိ

ကင်းလို့ သူတို့ဝင်လာကြတာ . . . (မှန်ပါ့)၊ သတိမကင်းလို့ရှိရင် မဝင်ပါဘူး၊ သဘောပါပလား . . . (ပါ ပါတယ်ဘုရား)၊ ရှင်းပြီ နော် . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့သတိပေး လိုက်တာ ဟာ ဩော်-တို့ဖြင့်နက်ဖြန်သတိထားရမည့် အလုပ် နှစ်ခုတော့ ဆရာ ဘုန်းကြီးကပေးလိုက်ပြီ၊ စောစောကြီးဖြင့် သစ္စာမသိတဲ့ အဝိဇ္ဇာ အရင်ရောက်တတ်သတဲ့ . . . (မှန်ပါ့)၊ နောက်မှ သူက ကျေးဇူးပြု လိုက်တဲ့အတွက် ဒကာ ဒကာမတို့ အာသဝတွေပေါ် တတ်သတဲ့၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါတွေပေါ်လို့ရှိရင် ဒို့ဟာ ဒါတွေကို အဝိဇ္ဇာပေါ်လာရင် အဝိဇ္ဇာကို ဖြစ်ပျက်ရှုရမတဲ့၊ ကာမာသဝဆိုတဲ့ ကပေါ်လာရင် လောဘဖြစ်ပျက်ရှုရမတဲ့၊ ကိုယ့်ကိုယ်ကို ခင်တဲ့လောဘ ပေါ်လာရင်ကော . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ကိုယ့်ကိုယ်ကို ငါထင်တဲ့ ဒိဋ္ဌိပေါ်လာရင်ကော . . . (ဖြစ်ပျက်ရှုရမှာပါဘုရား) အရှုခံလာရင် ရှုနော် . . . (မှန်ပါ့)၊ မရှုလို့ ရှိရင်ဖြင့် ထုံးစံအတိုင်းလို့ ဆိုလို့ရှိရင်ဖြင့် အဝိဇ္ဇာကြောင့် အာသဝေါ ဖြစ်ရတော့မယ် . . . (မှန်ပါ့)၊ ငြင်းစရာလိုသေး သလား . . . (မလိုပါဘူးဘုရား)၊ သဘောပါကြပလား . . . (ပါ ပါတယ်ဘုရား)။

ဒါဖြင့် ဘယ်နှစ်ချက်သိပြီလဲ မောင်နိုင်ရေ . . . (နှစ်ချက် သိပါပြီဘုရား)၊ အင်း-အာသဝ (တစ်)နံပါတ်လို့ သိပါပြီဘုရား၊ အာသဝဖြစ်ကြောင်း အဝိဇ္ဇာကော . . . (သိပါပြီဘုရား)။

အာသဝဖြစ်ကြောင်းလည်း သိတော့၊ တစ်နံပါတ် ဒကာ ဒကာမတွေသိပြီ၊ ဆရာဘုန်းကြီးကဟောလို့ မိုးလင်းလာ ရင် သတိထားရမယ်ဆိုတာလည်း သိပြီ၊ အာသဝဖြစ်ကြောင်း အဝိဇ္ဇာဆိုတဲ့ (နှစ်)နံပါတ်လည်းသိပါပြီ။

## ၃။ အာသဝ၏ထူးပုံ

အာသဝ၏ ထူးပုံကို ငါဟောဦးမယ်ဆိုပြီး ဘုရားက ဟောပြန်တယ် . . . (မှန်ပါ့)၊ ခု တတိယဟောမှာက ဘာဟော မှာတုံး (အာသဝ၏ထူးပုံပါဘုရား)၊ အာသဝတို့၏ ထူးပုံကို ငါဟောမယ်။

ဒကာ ဒကာမတို့ ဘာဟောမှာပါလိမ့် . . . (အာသဝ ၏ ထူးပုံကိုဟောမှာပါဘုရား)၊ အာသဝကို မင်းတို့က နည်းနည်းလေး မှတ်နေတယ်တဲ့၊ အာသဝဟာ အင်မတန်မှ ထူးထူးခြားခြား ရှိတယ်ကွ၊ ခုနကပြောခဲ့တဲ့ အာသဝသုံးခုဟာ ထူးတယ်ကွတဲ့။

ဘယ်လိုများထူးတုံးဆိုတော့ ငရဲရောက်တတ်တဲ့ အာသဝလည်းရှိတာပဲ . . . (မှန်ပါ့)၊ တိရစ္ဆာန်ဘဝ ရောက်

တတ်တဲ့ အာသဝ . . . (ရှိပါတယ်ဘုရား)၊ ပြိတ္တာဘဝရောက် တတ်တဲ့ အာသဝ . . . (ရှိပါတယ်ဘုရား)၊ လူ့ပြည်ရောက် တတ်တဲ့ အာသဝ . . . (ရှိပါတယ်ဘုရား)၊ နတ်ပြည် ဗြဟ္မာပြည်ရောက်တတ်တဲ့ အာသဝ . . . (ရှိပါတယ်ဘုရား)။

အဲ-အာသဝ အထူးလို့မှတ်စမ်းပါတဲ့၊ မင်းတို့က အာသဝ ဆိုလို့ရှိရင် အပါယ်ချည့်သွားတော့မယ်လို့ မင်းတို့က မှတ်နေလိမ့် မယ်တဲ့ . . . (မှန်ပါ့)၊ မဟုတ်ဘူးကွတဲ့၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## နတ်ပြည်ရောက်စေတတ်တဲ့ အာသဝ

လူ့ပြည်၊ နတ်ပြည်ပေါ့ဗျာ . . . (မှန်ပါ့)၊ လူ့ပြည်ရောက် တတ်တဲ့ အာသဝလည်းရှိပါသေးတယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)၊ နတ်ပြည် ဗြဟ္မာပြည်ရောက်တတ်တဲ့ အာသဝကော . . . (ရှိပါတယ်ဘုရား)။

ကိုင်း ဒကာ ဒကာမတို့ ဘယ်လောက်ကျယ်သတုံး . . . (ကျယ်ပါတယ်ဘုရား)၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာရောက် တတ်တဲ့ အာသဝလည်းရှိတယ်တဲ့၊ လူ့ပြည်ရောက်တတ်တဲ့ အာသဝကော . . . (ရှိပါတယ်ဘုရား)၊ နတ်ပြည် ဗြဟ္မာပြည် ရောက်တတ်တဲ့ အာသဝကော . . . (ရှိပါတယ်ဘုရား)။

အာသဝမနည်းဘူးကွတဲ့၊ ရှာရင် အာသဝအထူးတွေကဲ မောင်နိုင်သိပလား . . . (သိပါပြီဘုရား)၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ ရောက်စေတတ်တဲ့ အာသဝရှိ မရှိ . . . (ရှိပါတယ်ဘုရား)၊ လူပြည်၊ ရောက်စေတတ်တဲ့ အာသဝ . . . (ရှိပါတယ်ဘုရား)။

ရှိတာပဲတဲ့၊ နတ်ပြည်ရောက်စေတတ်တဲ့ အာသဝ . . . (ရှိပါတယ်ဘုရား)၊ ဒကာ ဒကာမတို့ အာသဝအထူးက ဒီလို ထူးလာတာ . . . (မှန်ပါ့)၊ မထူးဘူးလား . . . (ထူးပါတယ်ဘုရား)။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကိုယ်တော်တိုင်ဟောတာဖြစ်လေ သောကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေရှင်းမှုကိုသာ အဓိကထားပြောနေပါတယ်၊ ဘုရားဟောလို့ အသေအချာမှတ်ပါ . . . (မှန်ပါ့)။

## ငရဲပြည်ရောက်စေတတ်တဲ့ အာသဝ

ဩော်- ဒါဖြင့် အာသဝဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာရောက်စေတတ်တဲ့ အာသဝလည်းရှိတယ်၊ လူပြည် ရောက်စေတတ်တဲ့ . . . (အာသဝလည်း ရှိပါတယ်ဘုရား)၊ နတ်ပြည်ဗြဟ္မာပြည် ရောက်စေတတ်တဲ့ . . . (အာသဝလည်း ရှိပါတယ်ဘုရား)၊ သဘောပါကြပလား . . . (ပါ ပါတယ်ဘုရား)။

အင်း- ဒါဖြင့် အခုအားလုံး ဒကာ ဒကာမတွေ ဘယ်ပြည်များ ရောက်နေကြပါလိမ့်မတုံးမေးလို့ရှိရင် ဘယ်နဲ့ ဖြေကြမတုံး . . . (လူ့ပြည်ရောက်နေပါတယ်ဘုရား)၊ လူ့ပြည် ရောက်နေတယ် . . . (မှန်ပါ့)၊ ခုရောက်ဆဲပေါ့ဗျာ . . . (မှန်ပါ့)။

အင်း ဘယ်သူများပို့လိုက်လို့ ရောက်ပါလိမ့်မလဲလို့ အမေးထုတ်ပါ . . . (အာသဝပို့လိုက်လို့ပါဘုရား)၊ အဲ့ အစစ် ဟောလာတော့ အာသဝကြောင့် ရောက်တာ၊ ဘယ့်နှယ် ကြောင့် အစစ်ဟောလာတော့ အာသဝကြောင့် ရောက်ရပါ လိမ့်မလဲလို့ ဒကာ ဒကာမတွေ စဉ်းစားကြည့်တော့ ဒကာ ဒကာမတွေ ကျုပ်တို့ဟာ ကာမဘုံမဟုတ်လား . . . (မှန်ပါ့)။

ကာမဆယ့်တစ်ဘုံထဲကနော်၊ လူ့ပြည်ဆိုတာ ကာမဘုံ ထဲက လူ့ပြည်လိုချင်တဲ့ ကာမာသဝမရှိပဲနဲ့၊ ဒကာ ဒကာမတို့ လူ့ပြည်ရောက်ပါ့မလား . . . (မရောက်ပါဘူးဘုရား)၊ သဘော ကျပါလား . . . (ကျပါပြီဘုရား)။

လူ့ဘဝလိုချင်တဲ့ ဘဝါသဝမရှိပဲနဲ့ လူ့ပြည်ရောက်ပါ့ မလား . . . (မရောက်ပါဘူးဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

လူ့ပြည်ရောက်ချင်တယ်၊ ငါလူဖြစ်ချင်တယ်ဆိုတဲ့ ဒိဋ္ဌိ မရှိပဲနဲ့ လူကောဖြစ်ပါ့မလား . . . (မဖြစ်ပါဘူးဘုရား)၊ ဟော-

အာသဝကြောင့်ဖြစ်တာ . . . (မှန်ပါ့)၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

## အာသဝက ပို့လိုက်တာ

အင်း-နတ်ပြည်လည်း ဘယ်သူ့ကြောင့်ဖြစ်တုံး . . . (အာသဝကြောင့် ဖြစ်ပါတယ်ဘုရား)၊ ဒါဖြင့် အာသဝသည် လူ့ပြည်ရောက်စေတတ်တဲ့အာသဝ၊ နတ်ပြည်ရောက်စေတတ်တဲ့ အာသဝ၊ အပါယ်သို့ရောက်စေတတ်တဲ့ အာသဝ၊ တစ်ချို့ ဗြဟ္မာ ဖြစ်ချင်လို့ သမထတွေကြိုးစားပြီးသကာလ ဈာန်နဲ့သေသွားတာ တွေဟာ၊ ဗြဟ္မာဖြစ်ချင်တော့ ဗြဟ္မာပြည်သို့ပို့တတ်တဲ့ ဘဝါသဝ . . . (မှန်ပါ့)။

ဗြဟ္မာဖြစ်ချင် ငါဗြဟ္မာဖြစ်ချင်တယ်ဆိုတဲ့ ဘဝါသဝရှိမရှိ . . . (ရှိပါတယ်ဘုရား)၊ ဪ-ဒါဖြင့် အာသဝသည် အပါယ်အာသဝလည်းရှိတယ်၊ လူနတ်အာသဝလည်း ရှိတယ် . . . (မှန်ပါ့)၊ အာသဝအထူးတွေလေ . . . (မှန်ပါ့)။

အင်း-ဗြဟ္မာဖြစ်စေတတ်တဲ့ အာသဝကော . . . (ရှိပါတယ်ဘုရား)၊ ဒါဖြင့် အာသဝအထူးဟာ၊ မောင်နိုင် ငရဲရောက်စေတတ်တဲ့ အာသဝ၊ တိရစ္ဆာန်၊ ပြိတ္တာရောက်စေတတ်တဲ့ . . . (အာသဝ)၊ လူ့ပြည်ရောက်စေတတ်တဲ့ . . . (အာသဝ)၊ နတ်ပြည် ဗြဟ္မာပြည်ရောက်စေတတ်တဲ့ . . . (အာသဝ)။

ဩော်-အာသဝအထူးဟာ ဒီလိုမှတ်ထားပါကွာတဲ့၊ အာသဝဟာ ဒီလောက်ထိအောင်ထူးခြားပါတယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)

## အပေါ်ယံဟောတာလို့မှတ်

အဲဒီတော့ သာမညဟောတော့ ဩော်-လူ့ပြည်ရောက်တာ ကံကောင်းအကြောင်းသင့်ပြီးသကာလ ဒုလ္လဘတရားထဲမှာ မနုဿတ္တဘာဝေါ ဒုလ္လဘော = လူ့ဘဝရခဲတယ်လို့ပြောတာ၊ အဲဒါ သာမညအပေါ်ယံဟောတာလို့မှတ်ပါ . . . (မှန်ပါ့)။

သေသေချာချာကြည့်တော့ အာသဝပို့လိုက်တာ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)၊ သေသေချာချာတော့ဖြင့် . . . (အာသဝပို့လိုက်တာပါဘုရား)။

ကိုင်း-ဒကာ ဒကာမတို့ အာသဝပို့တယ်၊ မပို့တယ်သိပါတယ်၊ လူ့ပြည်ဟာ လူခန္ဓာ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ ဘုရား)။ အင်း-ဒုက္ခသစ္စာထဲ ပို့လိုက်ကတည်းက ဒကာဒကာမတွေ ဘယ်သူပို့လိုက်တယ်ဆိုတာ မောင်နိုင် လက်သည်ရှာလိုက်ရင် အာသဝပဲ . . . (မှန်ပါ့)။

ဒီပြင် ဘာပြောစရာရှိသေးတုံး . . . (မရှိပါဘူးဘုရား)။ ဒုက္ခသစ္စာဖြစ်အောင်လုပ်တာကတော့ အာသဝချည့်ပဲ . . .

(မှန်ပါ့)။ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။ ကောင်း ကောင်း သဘောပါကြပလား . . . (ပါ ပါတယ်ဘုရား)။

ဪ . . . သေသေချာချာလည်း မှတ်ကြ၊ သေသေ ချာချာလည်းမှတ်ကြ၊ ဪ အာသဝ ထူးခြားပုံဟာ မနည်း ပါလား . . . (မှန်ပါ့)။

အပါယ်လေးပါး အပါယ်လေးပါးရောက်စေတတ်တဲ့ အာသဝလည်းရှိတယ် . . . (မှန်ပါ့)။ လူ့ပြည်ရောက်စေ တတ်တဲ့ အာသဝကော . . . (ရှိပါတယ်ဘုရား)၊ နတ်ပြည်၊ ဗြဟ္မာပြည် ရောက်စေတတ်တဲ့ အာသဝကော . . . (ရှိပါတယ် ဘုရား)။

ဒါကြောင့် ဘုံအားဖြင့် ဘဝဂ်တိုင်အောင်၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင်လို့ ဆိုတဲ့ဥစ္စာ မမှားပါဘူးဆိုတာကော ကောင်းကောင်းကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် (သုံး)နံပါတ်နားလည်လဲ အာသဝ ထူးခြားပုံလဲ နားလည်ပါပြီ . . . (မှန်ပါ့)။ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက် ထိအောင် ထူးတယ်လို့ဆိုကြပါစို့ . . . (မှန်ပါ့)။

ကောင်းပြီ၊ ဒါဖြင့် တစ်၊ နှစ်၊ သုံး၊ နားလည်ကြပ့ါမလား . . . (နားလည်ပါတယ်ဘုရား)။ အင်း-အာသဝလည်း သိပြီဗျာ . . . (မှန်ပါ့)။ အာသဝဖြစ်ကြောင်းကော . . . (သိပါပြီဘုရား)။

အာသဝတို့၏ ထူးထူးခြားခြားများနေပုံကော (သိပါပြီဘုရား)။ သိပြီ။

## ၄။ အာသဝအကျိုးပေးပုံ

ကောင်းပြီတဲ့ စတုတ္ထ (လေး)နံပါတ်ကို ဒကာ ဒကာမ တွေ ဟောဦးမယ်နော် . . . (မှန်ပါ့)။ ခြောက်ထိအောင် ဟောရ မှာကိုး၊ ကဲ စတုတ္ထ(လေး)နံပါတ်က အာသဝတို့၏ အကျိုးပေး ကို ငါဟောမယ် သဘောကျပလား (ကျပါတယ်ဘုရား)။

အာသဝအကျိုးပေးကို ငါဟောမယ်တဲ့၊ အာသဝ ကြောင့် အကျိုးပေးတာ ငါဟောမယ်တဲ့၊ ဒါ အာသဝထူးခြား ပုံတင် ဟောတာနော် . . . (မှန်ပါ့)။

## အပါယ်ချည်းသွားတာမဟုတ်

ခု စတုတ္ထဟောမှာက အာသဝ အကျိုးပေးကိုဟောမယ် . . . (မှန်ပါ့)။ အာသဝ၏ အကျိုးပေးဆိုတာ အာသဝက အာသဝဆိုတာ ခင်ဗျားတို့က အပါယ်ချည့် သွားတယ်လို့ ဒီလို မယူလိုက်ပါနဲ့၊ အာသဝ၏ အကျိုးပေးတာ အကြင်ပုဂ္ဂိုလ် တစ်ယောက်ရှိတယ်ကွာလို့ ဘုရားက ပုဂ္ဂိုလ်တစ်ဦး တစ် ယောက်ရှိတယ်။

သူဟာ နတ်ပြည် ဗြဟ္မာပြည် ရောက်ချင်တဲ့ကုသိုလ်မျိုး သူလုပ်မလား၊ မလုပ်ဘူးလား စဉ်းစားစမ်း . . . (လုပ်မှာပါ ဘုရား)။ လုပ်ဖြစ်မှာပဲ . . . ဒီဥစ္စာ . . . (မှန်ပါ့)။

ဒါဖြင့် တပည့်တော် ဤဆွမ်းလှူရတဲ့ ဤအကြောင်း ဤကံကြောင့် ဤအလှူဒါနကြောင့် ဤသီလကြောင့် ဤသမထ ကြောင့်ဆိုပြီးသကာလ လူ့ပြည် နတ်ပြည်ကို ဆုတောင်းတဲ့အခါ လူ့ပြည် နတ်ပြည်ရောက်တဲ့ ဝမ်းထဲမှာ အာသဝတွေက ပေါ်မလာ ဘူးလား . . . (ပေါ်လာပါတယ် ဘုရား)။

အဲဒီ ပေါ်လာတော့ လူကောင်၊ နတ်ကောင်၊ ဗြဟ္မာ ကောင်တွေ တည်းဟူသော အကျိုးတရားတွေ ပေါ်သင့် မပေါ် သင့် (ပေါ်သင့်ပါတယ်ဘုရား)။ လူ၊ နတ်၊ ဗြဟ္မာ မပေါ်လာ ဘူးလား (ပေါ်လာပါတယ်ဘုရား)။

အဲဒါ ဒကာ ဒကာမတို့ ဆွမ်းတော် ကွမ်းတော်တင်ရင်း တစ်ခါတည်းတဲ့ လူ့ပြည်၊ နတ်ပြည် ရောက်ရပါလို၏။ လူ့ပြည်၊ နတ်ပြည် ရောက်ရပါလို၏ဆိုတဲ့ဥစ္စာ အာသဝေါတရားကြောင့် နောက် လူကောင် နတ်ကောင်ဖြစ်လာတဲ့အခါမှာ အကျိုးပေးလို့ ဆိုရင် လွဲပါမလား . . . (မလွဲပါဘူးဘုရား)။

## အကျိုးပေးက ဘာပါလိမ့်

အာသဝကအကြောင်း၊ အကျိုးပေးက လူကောင် နတ်ကောင် ဗြဟ္မာကောင် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။ အကျိုးပေးက ဘာပါလိမ့် . . . (လူကောင် နတ်ကောင် ဗြဟ္မာကောင်ပါဘုရား)။

လူကောင် နတ်ကောင် ဗြဟ္မာကောင်ဆိုတဲ့ ရုပ်နာမ် တွေမပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။ အင်း ဒီဥစ္စာ သည် ဒကာ ဒကာမတို့၊ အဲဒီတော့ အာသဝ၏ အကျိုးပေး လူကောင် နတ်ကောင် ဗြဟ္မာကောင်ဆိုတာက နောက်မှ အကျိုးပေးမှာ ဖြစ်တော့ကို၊ ဘုရားက မင်းတို့ဆွမ်းတွေ ကွမ်းတွေ ပေးကြ ကမ်းကြ လှူကြ တန်းကြတဲ့အခါကျလို့ရှိရင် သစ္စာမမြင်ပဲနဲ့ လုပ်တဲ့ပုဂ္ဂိုလ် အတွက်မှာ ငါအသေအချာ ပြောပြမယ်။ လူ့ပြည်ရောက်ကြောင်း ကုသိုလ်ကိုလည်း သူလုပ် ဖြစ်တယ်ကွ . . . (မှန်ပါ့)။

နတ်ပြည်ရောက်ကြောင်း ကုသိုလ်ကိုကော . . . (လုပ် ဖြစ်ပါတယ်ဘုရား)။ ဗြဟ္မာပြည်ရောက်ကြောင်း ကုသိုလ် ကိုကော . . . (လုပ်ဖြစ်ပါတယ်ဘုရား)။ အဲဒါ အာသဝ ကြောင့် လုပ်ဖြစ်တာ . . . (မှန်ပါ့)။ သဘောကျပလား . . . (ကျပါ တယ်ဘုရား)။

လူ့ပြည်ရောက်ကြောင်း ကုသိုလ်ကိုတော့ ဘယ်သူကြောင့် လုပ်ဖြစ်တာ . . . (အာသဝကြောင့် လုပ်ဖြစ်တာပါဘုရား)။ နတ်ပြည်ရောက်ကြောင်း ကုသိုလ်ကရော . . . (အာသဝကြောင့် လုပ်ဖြစ်တာပါဘုရား)။ ဗြဟ္မာပြည်ရောက်ကြောင်းကုသိုလ်တွေ လုပ်တာကော . . . (အာသဝကြောင့်ပါဘုရား)။

## အာသဝ၏ အကျိုးပေး

ကိုင်း . . . ဒကာ ဒကာမတို့ ခင်ဗျားတို့ ဆွမ်းတော်တင် နေလို့ရှိရင် အာသဝအုပ်ချုပ်တယ် . . . (မှန်ပါ)။ သစ္စာမသိတဲ့ ပုဂ္ဂိုလ် လှူလိုက်လို့ရှိရင် ဒီအတိုင်းပါပဲ . . . (မှန်ပါ)။ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

သစ္စာမသိတဲ့ ပုဂ္ဂိုလ်လှူတယ်။ လူခန္ဓာ ဒုက္ခသစ္စာ၊ နတ်ခန္ဓာ ဒုက္ခသစ္စာ၊ ဗြဟ္မာခန္ဓာ ဒုက္ခသစ္စာ ဆိုတာမှ မသိတဲ့ ပုဂ္ဂိုလ်ဖြင့် ဆွမ်းတော်တင်တာလည်း လူ့ပြည်ရောက်ချင်၊ နတ်ပြည်ရောက်ချင်၊ ဗြဟ္မာပြည်ရောက်ချင်။

အင်း သမထအားထုတ်တော့လည်း ဗြဟ္မာပြည်ရောက် ချင်ဆိုတဲ့ ဒါတွေသာ ပါကြမယ်ဆိုရင် အာသဝ ဒီထဲမှာ အာသဝက ခိုင်းနေလို့ အာသဝ၏အကျိုးပေး၊ အာသဝကြောင့် ဖြစ်ပေါ်လာတဲ့ ကုသိုလ်တွေပဲကွ . . . (မှန်ပါ)။

ဒါကြောင့် အာသဝ အကျိုးပေးလဲ သိရမယ်ဆိုတာ ဒီကုသိုလ်တွေ ပေါ်နေတာကို၊ ဝမ်းထဲမှာ အာသဝက အကြောင်း၊ ခုလုပ်နေတဲ့ ကုသိုလ်က အကျိုး . . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အာသဝက . . . (အကြောင်းပါဘုရား)၊ ခုလုပ်နေတဲ့ ကုသိုလ်က . . . (အကျိုးပါဘုရား)၊ ကိုင်း-ခင်ဗျားတို့ ဆွမ်းတော်တင်ရင်း မတ်တပ်နဲ့ တစ်ခါတည်း အာသဝကြောင့် ဖြစ်တဲ့ ကုသိုလ်၊ လှူပြည်နတ်ပြည် ဗြဟ္မာပြည်တောင့်တ လုပ်ရင် ဒီကုသိုလ်ဟာ ဘယ်သူ့ကြောင့်ပေါ်တာတုံး . . . (အာသဝ ကြောင့်ပါဘုရား)။

## သစ္စာမသိတဲ့ အာသဝကြောင့်

သစ္စာမသိတဲ့အာသဝကြောင့် . . . (မှန်ပါ့)၊ သဘော ကျပလား . . . (ကျပါတယ်ဘုရား)၊ အဲဒီတော့ ဒကာ ဒကာမ တွေက ဟိုအိမ်က မီးအစောကြီးထွန်းပြီးသကာလ ဟိုအိမ်က နေပြီး အော်ကျယ် အော်ကျယ်နဲ့ မေတ္တာတွေပို့ပြီးသကာလ တစ်ခါတည်း လှူပြည်နတ်ပြည်တွေဆုတောင်းများ လျှောက်လုပ် နေမယ်ဆိုရင် ဟိုအိမ်မှာ အာသဝထနေတယ်လို့ အသေအချာ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)။

ဘယ်လိုဆိုကြမတုံး . . . (အာသဝထနေပါတယ် ဘုရား)၊ အာသဝထနေတယ်လို့ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် တွေ လိုချင်လို့ လုပ်နေတယ်၊ ဆွမ်းတော်တင်မီးထွန်းနေတာ လုပ်မယ်ဆိုကြလို့ရှိရင်ဖြင့် ဟိုအိမ်မှာ အာသဝကြောင့် အကျိုး တွေ ပေါ်နေပြီလို့ မောင်နိုင်ဆို . . . (မှန်ပါ့)။

ကုသိုလ်တော့ သူမလုပ်ဘူးလား . . . (လုပ်ပါတယ် ဘုရား)၊ အဲ့ဒီကုသိုလ် အာသဝကင်းပါရဲ့လား . . . (မကင်းပါ ဘူးဘုရား)၊ နတ်ပြည်ရောက်ကြောင်း ကုသိုလ်၊ လူ့ပြည်ရောက် ကြောင်း ကုသိုလ်၊ ဗြဟ္မာပြည်ရောက်ကြောင်းကုသိုလ်၊ ဒီသား ဒီသမီးနဲ့ မခွဲချင်တဲ့ကုသိုလ် . . . (မှန်ပါ့)။

ဒါသာလုပ်နေလို့ရှိရင် ဟိုအိမ်မှာ အစောကြီးလည်း မီးထွန်းပြီး ဆူဆူ ဆူဆူနဲ့နေတယ်၊ အင်း-ဘယ်သူရောက်နေ တယ်ဆိုတာ ခင်ဗျားတို့သိပါပြီ . . . (အာသဝပါဘုရား)။

## အာသဝခိုင်းတာလုပ်တဲ့ကုသိုလ်

အာသဝတည်းဟူသော တရားက ကြိုးဆွဲလို့ အာသဝ အကျိုးပေးတွေလုပ်နေတာ . . . (မှန်ပါ့)၊ ဒီကုသိုလ်ကလည်း အာသဝခိုင်းတာလုပ်တဲ့ကုသိုလ်ပဲ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါ တယ်ဘုရား)။

လူ့ပြည်ရောက်ကြောင်းကုသိုလ်က ဘယ်သူက ခိုင်းတာတုံး . . . (အာသဝက ခိုင်းတာပါဘုရား)၊ နတ်ပြည်ရောက်ကြောင်း ကုသိုလ် ဘယ်သူကခိုင်းတာတုံး . . . (အာသဝကခိုင်း တာပါဘုရား)၊ ဗြဟ္မာပြည်ရောက်ကြောင်း ကုသိုလ် . . . (အာသဝကခိုင်းတာပါဘုရား)။

ဒါဖြင့် အာသဝကအကြောင်း၊ သူကအကျိုး မနေဘူးလား . . . (နေပါတယ်ဘုရား)၊ စောစောစီးစီး အကျိုးပေးတွေ ဒကာ ဒကာမတို့ အာသဝ၏အကျိုးတွေကို သိရမယ်ဆိုတော့ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်သာတောင့်တလုပ်တဲ့ ကုသိုလ်တွေသာ ဝမ်းထဲမှာ ပေါ်နေကြမယ်ဆိုရင် အဲ့ဒါ စောစောစီးစီး အာသဝထလို့ အကျိုးပေးပေါ်တာ . . . (မှန်ပါ့)။

ဘယ်လောက် ကြောက်စရာကောင်းတုံး . . . (ကောင်းပါတယ်ဘုရား)၊ ဒီလို ဆရာကောင်း သမားကောင်းနဲ့ မတွေ့လို့ရှိရင် ခင်ဗျားတို့ ဒီအကျိုးပေးတွေပဲ မနက်မိုးလင်းရင် ဒီကုသိုလ်တွေပဲ ဝမ်းထဲရောက်နေမှာပဲ . . . (မှန်ပါ့)။

ဒီကုသိုလ်တွေကလည်း ဘယ်သူ့ကြောင့်ရောက်ရတုံး . . . (အာသဝကြောင့်ပါဘုရား)၊ အဲ-ဘယ်လောက်ဆိုးတုံး . . . (ဆိုးပါတယ်ဘုရား)၊ သဘောပါကြရဲ့လား . . . (ပါ ပါတယ်ဘုရား)။

## သစ္စာသိပြီးသားမို့ ဟောလို့ဖြစ်တာ

ဒါ အင်မတန် ခု သစ္စာသိပြီးသား ပုဂ္ဂိုလ်မို့ ဟောလို့ဖြစ်တာနော်၊ သစ္စာမသိသေးတဲ့ပုဂ္ဂိုလ် အာသဝနယ်ထဲပဲ သာမည ဆရာက ဟောပေးရမယ် . . . (မှန်ပါ့)။

ဟောလို့ရှိရင်လည်း ဟောတဲ့ပုဂ္ဂိုလ် ညံ့နေတယ်၊ နာတဲ့ပုဂ္ဂိုလ်လည်း ဗရချာ ရမ်းသွားပြီး သကာလ လည်ရုံပဲရှိမှာပဲ . . . (မှန်ပါ့)၊ မလည်ပေဘူးလား . . . (လည်ပါတယ်ဘုရား)၊ ကဲ-ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

လူ့ပြည်ရောက်ကြောင်းကုသိုလ်၊ နတ်ပြည်ရောက်ကြောင်းကုသိုလ်၊ ဗြဟ္မာပြည်ရောက်ကြောင်း ကုသိုလ်ဟာ အာသဝ တည်းဟူသော အကြောင်းမပါပဲနဲ့၊ ဒီကုသိုလ်တွေဟာ ဝမ်းထဲ ရောက်ပါ့မလား . . . (မရောက်ပါဘူးဘုရား)။

ဒါဖြင့် အာသဝ၏အကျိုးပေးကိုလည်း သိရမယ်ဆိုတဲ့ (လေး)နံပါတ်ဟာ၊ စောစောရောက်လာတဲ့ ကုသိုလ်တွေ၊ ဘုံဘဝ တောင့်တလုပ်တဲ့ ကုသိုလ်တွေကိုဆိုတယ်နော် . . . (မှန်ပါ့)။

အင်း-စောစောစီးစီး ဝိပဿနာကို အားထုတ်နေတာကို ဆိုတာမဟုတ်ဘူး . . . (မှန်ပါ့)၊ စောစောစီးစီး ဝင့်ကျွတ်ချင်တဲ့ ဉာဏ်ပေါ် နေတာကိုဆိုတာမဟုတ်ဘူး . . . (မှန်ပါ့)၊ စောစော

စီးစီးလျှာရှည်ပြီးသကာလ ဘုံဘဝတွေတောင့်တနေတဲ့ အိမ်ကို ကြည့်လိုက်လို့ရှိရင်ဖြင့် ခြော် . . . အာသဝတည်းဟူသော အကြောင်းကြောင့် သူဖြင့် ဒီအကျိုးပေးကုသိုလ်တွေ သူလုပ်နေပါပေ့လား၊ ဒီကုသိုလ်တွေ သူဝမ်းထဲရောက်နေပါပေ့လားလို့ ခင်ဗျားတို့ အကုန်အကဲခတ်မိလိမ့်မယ် . . . (မှန်ပါ့)။

သဘောပါကြပလား . . . (ပါ ပါတယ်ဘုရား)၊ ကဲ- မောင်နိုင် ဒါများ မများ . . . (များပါတယ်ဘုရား)၊ ဒါဘယ်သူ ကြောင့် ပေါ်လာတဲ့ အကျိုးတရားပါလိမ့် . . . (အာသဝ ကြောင့် ပေါ်လာတဲ့အကျိုးတရားပါဘုရား)။

ဒါဖြင့် အာသဝကအကြောင်း၊ ဒီကုသိုလ်တွေလုပ်ဖြစ် တာက ဘာဆိုကြမလဲ . . . (အကျိုးပါဘုရား)၊ ကိုင်း ဒကာ ဒကာမတို့ ဆရာကောင်း သမားကောင်းမတွေ့ရင် ခင်ဗျားတို့ ဗရချာရမ်းမယ်ဆိုတာ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီ ဘုရား)။

ဒါ ဆက္ကာ နိပါတ် အင်္ဂုတ္တိုရ်လေးခုပဲ ဟောပါသေးတယ် . . . (မှန်ပါ့)၊ လေးခုပဲ ဟောရသေးတယ် တစ်၊ နှစ်၊ သုံး၊ လေး၊ အာသဝကိုသိရမယ် (တစ်)နံပါတ် . . . (မှန်ပါ့)။

အာသဝဖြစ်ကြောင်းသိရမယ် . . . (နှစ်-နံပါတ်)၊ အာသဝ ထူးထူးခြားခြား၊ ထူးခြားပုံကို သိရမှာက . . . (သုံး- နံပါတ်ပါဘုရား)။

အာသဝ၏ အကျိုးပေးသိရမယ် . . . ((လေး)နံပါတ်ပါ ဘုရား)၊ ကိုင်း-ဒကာ ဒကာမတို့ မနက်နဲ့ဘူးလား ကဲ . . . (နက်နဲ ပါတယ်ဘုရား)၊ ဩော်- ဒီလိုဥစ္စာက မောင်နိုင် သာမည အရေးကြီးသလား၊ အထူးပဲအရေးကြီးသလားဆိုတာ ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)၊ . . . (အထူးပဲအရေးကြီးပါတယ် ဘုရား)။

အထူးပဲအရေးကြီးတယ်ဆိုတာ ဒကာ ဒကာမတွေသိကြပလား . . . (သိပါပြီဘုရား)၊ စောစောစီးစီး ကုသိုလ်လုပ်နေတာတောင်မှ သစ္စာမသိတဲ့ပုဂ္ဂိုလ်များ လုပ်နေတာ အာသဝကြောင့် လုပ်နေတာကွ . . . (မှန်ပါ့)၊ သဘောပါပလား . . . (ပါ ပါပြီဘုရား)။

လည်ဦးမှာပဲ . . . (မှန်ပါ့)၊ လည်ပြီးမြုပ်ဦးမှာပဲ . . . (မှန်ပါ့)၊ မြုပ်ပြီး ပရမ်းပတာ ဟိုဘက်သွားပြီးပေါ်ဦးမယ် . . . (မှန်ပါ့)၊ မပေါ်ပေဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

## ၅။ အာသဝချုပ်ကြောင်း

ကိုင်း-ဒါဖြင့် ငါဘုရားသည် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့သိအောင်လို့ဖြင့် ရှေ့က လေးခုပြခဲ့ပြီကွာတဲ့၊ အာသဝချုပ်ကြောင်း ငါဟောတော့မယ်၊ မောင်နိုင် ဘာဟောမတုံး . . . (အာသဝချုပ်ကြောင်း ဟောမှာပါဘုရား)။

အဲ . . . အာသဝချုပ်ကြောင်း၊ အာသဝချုပ်ကြောင်းဆိုတဲ့ ဉစ္စာသည် ဒကာ ဒကာမတို့တဲ့ အဝိဇ္ဇာချုပ်မှ အာသဝချုပ်မယ် . . . (မှန်ပါ့)၊ အဝိဇ္ဇာချုပ်မှ . . . (အာသဝချုပ်မှာပါဘုရား) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

**အဝိဇ္ဇာချုပ်မှ အာသဝချုပ်မယ်**

အဝိဇ္ဇာချုပ်မှ . . . (အာသဝချုပ်မှာပါဘုရား)၊ အဲ အဝိဇ္ဇာချုပ်မှ အာသဝချုပ်မယ်လို့ သိရမယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါကြောင့် အဝိဇ္ဇာချုပ်မှ ဩော် သံသရာစခန်းသတ်မှာပါလားဆိုတာလည်း ကောင်းကောင်းကျေနပ်ကြပလား . . . (ကျေနပ်ပါတယ်ဘုရား)။

အဝိဇ္ဇာမချုပ်ရင် သံသရာစခန်းဟာ . . . (မသတ်ပါဘူးဘုရား)၊ မသတ်နိုင်ဘူးဆိုတာ ကောင်းကောင်းပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ခု (ငါး)နံပါတ်သိပြီနော် . . . (မှန်ပါ့)။ အဝိဇ္ဇာချုပ်မှ သံသရာလည်မှုရပ်စဲမယ် . . . (မှန်ပါ့)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)၊ အဝိဇ္ဇာချုပ်မှ . . . (သံသရာလည်မှုရပ်စဲမှာပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

မောင်နိုင်တို့ ကိုမြင့်တို့ ဘယ်နှစ်ချက် နားလည်သွားတုံး . . . (ငါးချက်နားလည်သွားပါပြီဘုရား)၊ ဆက္ကနိပါတ်ဆိုသော ကြောင့် ခြောက်ခုဟောရမှာဖြစ်သောကြောင့် ဒကာ ဒကာမတို့ ခြောက်ခုမြောက်ကို ဘုန်းကြီးဟောတော့မယ်။

## ၆။ အာသဝတို့ချုပ်ရာချုပ်ကြောင်းအကျင့်

ဒါဖြင့်ကွာတဲ့ အဝိဇ္ဇာချုပ်လို့ အဝိဇ္ဇာချုပ်မှ သံသရာစခန်း သတ်မယ်ဆိုတာတော့ဖြင့် သဘောကျပြီ၊ ဒကာ ဒကာမတွေလည်း သဘောကျပြီ၊ ဘုရားဟောလို့ အာသဝတို့၏ ချုပ်ရာချုပ်ကြောင်း အကျင့်ကိုလည်း မင်းတို့သိရဦးမယ် . . . (မှန်ပါ့)။

ခြောက်ခုမြောက်က ဘာသိရမှာတုံး . . . (အာသဝတို့၏ ချုပ်ရာချုပ်ကြောင်းအကျင့်ပါဘုရား)၊ ချုပ်ရာချုပ်ကြောင်း အကျင့်ကို မင်းတို့သိရမယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ချုပ်ရာချုပ်ကြောင်း အကျင့်ကတော့ဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူ့ လက်ကိုင်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး၊ အာသဝချုပ်ရာချုပ်ကြောင်းအကျင့်က ဘယ်သူပါလိမ့် . . . (မဂ္ဂင်ရှစ်ပါးပါဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ သံသရာမှာဖြင့် တပည့်တော်တို့ဘုရား လူလည်းမဖြစ်ချင်ဘူး၊ လူလည်းဒုက္ခသစ္စာ၊ နတ်လည်း ဒုက္ခသစ္စာ၊ အပါယ်ကလည်း ဒုက္ခသစ္စာ ဒီကုသိုလ်တွေကလည်း ဒုက္ခသစ္စာ ကျေးဇူးပြုမည့် ကုသိုလ်တွေ အာသဝေါတရား၏ အကျိုး တွေမို့ ဒါတွေများ အားကိုးစရာရှိရဲ့လား . . . (မရှိပါဘူးဘုရား)။

## အာသဝချုပ်မှနိဗ္ဗာန်

လူပြည်၊ နတ်ပြည်ရောက်ကြောင်း ကုသိုလ်တွေကလည်း အာသဝေါတရား၏ အကျိုးကို ဟောထားတယ် . . . (မှန်ပါ့)၊ ဒါ အာသဝချုပ်မှသာလျှင် နိဗ္ဗာန်ဆိုတာကော သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဲ-အာသဝချုပ်ချင်လို့ရှိရင်လည်း ချုပ်ရာချုပ်ကြောင်း အကျင့်ဖြစ်တဲ့မဂ္ဂင်ဟာ မင်းတို့သိထားပါဦး . . . (မှန်ပါ့)၊ ဒါနဲ့ကျင့်မှရမယ် . . . (မှန်ပါ့)။

တစ်ခြားဟာနဲ့ကျင့်ရင် . . . (မရပါဘူး)၊ ကဲ့ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)၊ ဒကာ ဒကာမတို့ နေရာကျပလား . . . (ကျပါတယ်ဘုရား)၊ ဘယ်နှစ်ချက်နားလည်သွားတုံး . . . (ခြောက်ချက်နားလည်ပါတယ်ဘုရား)။

(တစ်)နံပါတ်က အာသဝသိရမယ် . . . (မှန်ပါ့)။

(နှစ်)နံပါတ်က . . . (အာသဝဖြစ်ကြောင်းသိရပါမယ်)၊ အာသဝဖြစ်ကြောင်းသိရမယ်။

(သုံး)နံပါတ်က အာသဝများပြားပုံကိုသိရမယ် . . . (မှန်ပါ့)။ (လေး)နံပါတ်က အာသဝအကျိုးကို သိရမယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)၊ ဘုံဘဝ တောင့်တတဲ့ ကုသိုလ်တွေပေါ်လာတာ ဘယ်သူ့ကြောင့် ပေါ်လာတာတုံး . . . (အာသဝကြောင့်ပါဘုရား)။

ဒါဖြင့် (ငါး) နံပါတ်ကအာသဝချုပ်တာကိုလည်း သိရမယ် ဆိုတော့ ဘယ်သူချုပ်မှ ချုပ်တုံး . . . (အဝိဇ္ဇာချုပ်မှပါ ဘုရား)။

## မဂ္ဂင်နဲ့ကျင့်ရမယ်

ကောင်းပြီ၊ ခြောက်နံပါတ် အာသဝချုပ်ရာချုပ်ကြောင်း အကျင့်ဆိုတာ ဘာနဲ့ကျင့်ရမတုံး . . . (မဂ္ဂင်ရှစ်ပါးနဲ့ပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ နေ့တိုင်း ဆရာဘုန်းကြီးဟောနေ တာဟာ ဩော်- ဘယ်သူ့ကိုဖြုတ်စေချင်လို့ ဒါတွေနဲ့ ရှုစမ်းပါကွ၊ လုပ်စမ်းပါကွလို့ ဆရာဘုန်းကြီးဟောတယ်ဆိုတဲ့ ဥစ္စာ၊ ခင်ဗျားတို့ ဘုရားဟောတော်မူတယ် ဆိုတာလည်း ခင်ဗျားတို့ ဩော်-အာသဝချုပ်စေချင်တာကိုး . . . (မှန်ပါ့)။

မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)၊ ဘာချုပ်စေ ချင်တာတုံး . . . (အာသဝချုပ်စေချင်လို့ပါဘုရား)၊ အဲ- အာသဝ ချုပ်စေချင်လို့ ဟောနေတယ်ဆိုတဲ့ဥစ္စာလည်း ခင်ဗျားတို့ ဝဲထဲမှာ အာသဝတည်းဟူသော ဝဲက ခင်ဗျားတို့ လူခန္ဓာကိုယ် သစ်တုံးတွေကို လည်နိုင်သရွေ့ လည်ပြီး ရုပ်စုံကခိုင်းနေပါတယ် . . . (မှန်ပါ့)။

ရုပ်စုံ က, ခိုင်းပြီးသကာလ အောက်ငရဲပို့ပြန်တယ် အာသဝကပဲပို့တာ . . . (မှန်ပါ့)၊ နောက်တစ်ဖန် အဲဒီကနေ ပရမ်းပတာ တစ်ခါတည်း ဒကာ ဒကာမတို့ ဝဲစုပ်သွားတဲ့ သစ်ရွက် ကလေးဟာ၊ ပရမ်းပတာ လည်ထွက်သွားတယ် ဆိုတာလည်း၊ အောက် မြုပ်ပြီးတော့မှ ပရမ်းပတာပေါ် ချင်တဲ့ဆီ သွားမပေါ် ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ဒီမှာလည်း ခင်ဗျားတို့ ဒီသုံးဆယ့်တစ်ဘုံထဲ ပေါ် ချင် တဲ့ဆီ သွားပြီးသကာလ လှည့်လိုက်တာတည်း သုံးဆယ့်တစ်ဘုံ၊ နောက်လည်း အပါယ်လေးပါးထဲ မြုပ်၊ မြုပ်ရာကနေပြီး ပြန်ပြီး ပရမ်း ပတာပေါ် လာပြန်တော့လည်း သုံးဆယ့်တစ်ဘုံ ဒုက္ခ သစ္စာထဲ ပြန်ရောက် . . . ။ (မှန်ပါ့)။

ကောင်းတာများ ပါသေးရဲ့လား . . . (မပါ ပါဘူး) အဲဒီ ကဲ့သို့ ကောင်းတာမပါတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ

အာသဝမချုပ်သရွေ့ ဒီလိုပဲလှည့်ပေးပြီး သကာလ ပရမ်းပတာ လှည့် ပြီး ပရမ်းပတာပေါ်နေဦးမှာပဲ . . . (မှန်ပါ့)၊ သဘောကျ ပလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဘယ်လိုလုပ်ကြရမလဲဆိုတော့ အာသဝ ချုပ်အောင် လုပ်ရမယ်. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ချုပ်အောင် ဘယ်လိုကျင့်ရမလဲ

အာသဝချုပ်သွားလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ လှည့်ပေးမဲ့ တရားရှိသေးရဲ့လား . . . (မရှိပါဘူး) ဒါဖြင့် အာသဝချုပ်အောင် ဘယ်လိုကျင့်ရမှာတဲ့တုံး . . . (မဂ္ဂင်ရှစ်ပါး) မဂ္ဂင်ရှစ်ပါးနဲ့ ခင်ဗျားတို့ ၏ ခန္ဓာကိုယ်ကို လက္ခဏာရေး သုံးပါးရှုရမှာပဲ . . . (မှန်ပါ့)။

ဒါ မရှုလို့ရှိရင် အာသဝက ဖြုံကိုမဖြုံဘူး . . . (မှန်ပါ့)၊ ဖြုံပါ့ မလား . . . (မဖြုံပါဘူးဘုရား) ဒါဖြင့် ယနေ့ တရားမှာ ဒကာ ဒကာမတို့ ကြော် အကွက်လည်းစေ့နေအောင် ဘုရား လည်း ဟောတော်မူပါပေတယ်။ လိုရင်းလည်း ဆိုက်ပါပေ တယ်ဆိုတာ ခင်ဗျား တို့ ဉာဏ်ထဲမှာ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့)။

လိုရင်း မဆိုက်သေးဘူးလား . . . (ဆိုက်ပါတယ် ဘုရား) လိုရင်းဆိုက်ပြီနော် . . . (မှန်ပါ့) ဒါဖြင့် လိုရင်းဆိုက်ပေမဲ့လည်း ဘုန်းကြီးက ဒီ ဒကာ ဒကာမတွေ ဆိုက်တယ် မထင်သေးတဲ့အတွက် လုပ်နည်းကိုပြမှပဲ ပိုဆိုက်မယ် . . . (မှန်ပါ့) သဘောကျပ လား . . . (ကျပါတယ်ဘုရား)။

## အာသဝချုပ်အောင် ဘာနဲ့ကျင့်မယ်

အာသဝချုပ်မှ နိဗ္ဗာန်ကိုး . . . (မှန်ပါ့) အာသဝချုပ်ရင် (နိဗ္ဗာန်ပါဘုရား) အဲဒီအာသဝ ချုပ်အောင် ဘာနဲ့ကျင့်မယ် (မဂ္ဂင် ရှစ်ပါးနဲ့ ကျင့်ရမှာပါဘုရား) မဂ္ဂင်ရှစ်ပါးဆိုတော့ (ခြောက်) နံပါတ်နဲ့ မကျင့်ရ ဘူးလား . . . ။ (ကျင့်ရပါတယ်ဘုရား)။

အဲ-(ခြောက်)နံပါတ်နဲ့ ကျင့်မှ အာသဝချုပ်မယ် . . . (မှန်ပါ့) (ခြောက်)နံပါတ်နဲ့ မကျင့်ရင် အာသဝမချုပ်ပါဘူး၊ အာသဝမချုပ်လို့ ရှိရင် ဒကာ ဒကာမတို့ ဟောဒီ အာသဝဟာ ဒီကုသိုလ်တွေချည့် လုပ်ခိုင်းနေမှာပဲ . . . (မှန်ပါ့)။

ဘုံဘဝလည်တတ်တဲ့ ကုသိုလ်၊ ဘုံဘဝ မြှုပ်တတ်တဲ့ ကုသိုလ် . . . (မှန်ပါ့) မလုပ်ခိုင်းပေဘူးလား . . . (လုပ်ခိုင်းမှာပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အာသဝချုပ်ရာချုပ်ကြောင်း အကျင့်ဖြစ်တဲ့ မဂ္ဂင်အလုပ်နဲ့ ခန္ဓာပေါ်မှာ မလုပ်သရွေ့ကာလ

ပတ်လုံး အာသဝတော့ ချုပ်မည်မဟုတ်ပါဘူး . . . (မှန်ပါ့) သဘောကျပလား . . . (ပါ ပါပြီဘုရား)။

အာသဝချုပ်ပါ့မလား . . . (မချုပ်ပါဘူးဘုရား) မဂ္ဂင်ရှစ်ပါးနဲ့ ခန္ဓာကိုယ်ပေါ်မှာ ဒုက္ခသစ္စာ မြင်အောင် မလုပ်သရွေ့ ကာလပတ်လုံး အာသဝ ဘယ်တော့မှ မချုပ်ဘူး . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

မဂ္ဂင်ရှစ်ပါးနှင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ပေါ်မှာ ခန္ဓာကိုယ်ကို ဒုက္ခသစ္စာလို့ မသိသရွေ့ ကာလပတ်လုံး အာသဝ မချုပ်ဘူး . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ခန္ဓာကိုယ်ကို ဖြစ်ပျက် ဒုက္ခသစ္စာလို့မှ ပိုင်ပိုင်နိုင်နိုင် မသိသေးလို့ရှိရင် အာသဝဟာ ဘယ့်နှယ်နေတုံး . . . (မချုပ်သေးပါဘူးဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ရှင်းလို့ရှိရင် ဒကာ ဒကာမတို့ အလုပ်လုပ်ကြပါစို့လို့ ဆိုတဲ့တရားကိုဖြင့် ပြောရတော့မယ် . . . (မှန်ပါ့)။

## သစ္စာမသိအောင် ဖုံးထားတာ

ခန္ဓာကို ဒုက္ခသစ္စာလို့သိသွားလို့ရှိရင်ဖြင့် ခန္ဓာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ မနေဘူးလား . . . (နေပါတယ်ဘုရား) ဒီအာသဝက လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါ

ဘူးဘုရား) သူက အာသဝဆိုတဲ့ တရားက၊ အဝိဇ္ဇာအာသဝက သစ္စာ မသိအောင် ဖုံးထားတာကိုး . . . (မှန်ပါ့)။

သစ္စာမသိအောင်ဖုံးထားတာကို ကျုပ်တို့က သစ္စာသိတဲ့ အလုပ်လုပ်လိုက်တော့ ခုနက အဝိဇ္ဇာအာသဝ ချုပ်မသွားဘူးလား . . . (ချုပ်သွားပါတယ်ဘုရား)။

ချုပ်တော့ သူ့ကြောင့်သူက လှည့်ခိုင်းလို့ ပေါ်ရတဲ့ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ သူ့အစေခံ သုံးယောက်က သူမှမရှိပဲနဲ့ ရှိပါ့မလား . . . (မရှိပါဘူးဘုရား)။

သူ့အစေခံ သုံးယောက်မှ မရှိပဲနဲ့ အာသဝအပြားတွေကော ရှိပါ့မလား . . . (မရှိပါဘူးဘုရား) အဲ-ဘုံဘဝလည်စေတတ်တဲ့ ကုသိုလ်တွေကော ရှိပါ့မလား . . . (မရှိပါဘူး)။

ဩော် . . . ဒါဖြင့် သူတို့နှစ်ခု အရေးကြီးဆုံးပဲ . . . (မှန်ပါ့) အာသဝချုပ်တဲ့အကျင့်ဟာ အရေးအကြီးဆုံးပဲ . . . (မှန်ပါ့) သဘောပါကြပလား . . . (ပါ ပါတယ်ဘုရား)။

ဘာအရေးကြီးပါလိမ့် . . . (အာသဝချုပ်ဖို့ အရေးကြီးပါတယ်ဘုရား) ကိုင်း-အာသဝချုပ်တဲ့အကျင့်က အလွန်အရေးကြီးပါတယ် . . . (မှန်ပါ့) အာသဝက ဘယ်အချိန် မှာ ချုပ်မှာတုံးလို့ မောင်နိုင်တို့ ကိုမြင့်တို့က မေးဖို့မလိုဘူးလား (လိုပါတယ်ဘုရား) သစ္စာသိတဲ့အချိန်မှာ သူချုပ်ပါ မယ်တဲ့ . . . (မှန်ပါ့) သဘောကျပလား . . . (ပါ ပါတယ်ဘုရား)။

## သစ္စာသိဖို့အရေးကြီးတယ်

ဘယ်အချိန် သူချုပ်မယ်လို့ပြောတုံး . . . (သစ္စာသိတဲ့ အချိန် ချုပ်မှာပါဘုရား) ဩော် ဒါဖြင့် ဒကာ ဒကာမတို့ သစ္စာ မသိသရွေ့ အာသဝမချုပ်သေး . . . (မှန်ပါ့)။

မချုပ်သေးသရွေ့ ကျုပ်တို့သည် ဝဲထဲနေတဲ့ သစ်တုံး သစ်ရွက်လိုပဲ . . . (မှန်ပါ့) ပရမ်းပတာလည်ပြီး ပရမ်းပတာ မြုပ်၊ ပရမ်းပတာသွားပေါ် ပေါ်ချင်တဲ့ဆီ (မှန်ပါ့) ဒီအတိုင်း မနေဘူးလား . . . (နေပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ပေါ်မှာ ဘာသိဖို့ အရေးကြီးပါတုံး . . . (သစ္စာသိဖို့ အရေးကြီးပါတယ် ဘုရား) အဲ ခန္ဓာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ ခန္ဓာက ဒုက္ခသစ္စာ (မှန်ပါ့) သိတာက . . . (မဂ္ဂသစ္စာပါဘုရား)။

အင်း ဒါဖြင့် အာသဝသေတယ်ဆိုတဲ့ အတိုင်း အာသဝ သေလို့ရှိရင်ဖြင့်တဲ့ အာသဝက္ခယံ - အာသဝေါတရားတို့၏ ကုန်ရာဟာ နိဗ္ဗာန် . . . (မှန်ပါ့)။

သူကုန်တဲ့နေရာ နိဗ္ဗာန်ပေါ့ . . . (မှန်ပါ့)၊ သူမကုန်တဲ့ နေရာ (နိဗ္ဗာန်မရောက်ပါဘူးဘုရား) သဘောပါပလား (ပါ ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ (တစ်)လည်းသိပါပြီ

(နှစ်)လည်း သိပါရပြီ၊ (သုံး)ကော . . . (သိပါပြီဘုရား) (လေး)ကော (သိပါပြီဘုရား)။

## ဒီကုသိုလ်က ဘယ်သူ့သတ္တိတွေလဲ

ဒါကြောင့် ဒီကုသိုလ်တွေဟာ ဘယ်သူ့သတ္တိတွေ ဆိုတာ လေးလေးနက်နက်မှတ်တာပေါ့ . . . (မှန်ပါ့) ဘုံဘဝကို တောင့်တလုပ်တဲ့ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ တောင့်တ လုပ်တဲ့ ကုသိုလ်ဟာ အာသဝရဲ့ အကျိုးတွေပါပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘယ်သူ၏ အကျိုးတွေပါတုံး . . . အာသဝ၏ (အကျိုးတွေပါ ဘုရား) ကိုင်း-ခင်ဗျားတို့ကဖြင့် အင်း-မင်းက တော့ကွာ နောက်ဘဝ ကောင်းစားဦးမပေါ့။ အင်း ကောင်းစား လိမ့်မယ် . . .။

နောက်ဘဝ ကောင်းစားရေးလုပ်တာဟူသရွေ့ အာသဝကြောင့် လုပ်ဖြစ်တာချည့်ပဲ . . . (မှန်ပါ့) သဘောကျ ပလား . . . (ကျပါပြီဘုရား) နောက်ဘဝ ကောင်းစားရေး လုပ်တာဟူသရွေ့ (အာသဝကြောင့်ပါဘုရား) အာသဝက အကြောင်း၊ ကောင်းစားရေး ကုသိုလ်တွေက . . . (အကျိုးပါ ဘုရား)။

ကဲ-မောင်နိုင် အသေအချာပေါ်ပြီကွ . . . (ပေါ်ပါပြီ ဘုရား) ဆက္ကနိပါတ် အင်္ဂုတ္တိုရ် နိဗ္ဗေဓိကသုတ်မှာ သေသေ ချာချာ ဘုရားဟောတဲ့အတွက် ဘုန်းကြီးက ရှင်းရှင်း လင်းလင်း ပြောပေးနေတယ် (မှန်ပါ့) သဘောပါပလား . . . (ပါ ပါတယ် ဘုရား)။

ကဲ . . . ခင်ဗျားတို့ ဒီနားမျိုးနဲ့ ဒီဉာဏ်မျိုးရတာကိုပဲ မောင်နိုင် တော်တော်ကို ရင့်လာလို့ရတာ . . . (မှန်ပါ့) ရနိုင်စရာ အကြောင်းကို ရှိပါ့မလား . . . (မရှိပါဘူးဘုရား)။

ကုသိုလ်ဆို မကောင်းတာ ဘယ်ရှိမတုံးကွ ပိတ်ငြင်းတဲ့ လူက တစ်ပုံကြီးရှိသေးတယ် . . . (မှန်ပါ့) ကုသိုလ်ဟူသရွေ့ ဒါ ကုသိုလ်ပါလို့ဆိုတာ ဘယ်မကောင်းတာ ရှိမလဲ ဟော ပိတ်ငြင်းတဲ့ လူကော မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

ကုသိုလ်ဆိုတာ ကောင်းတာချည့်ပေါ့ကွ၊ ဘုံဘဝကို ဖြစ်စေတတ်တဲ့ ကုသိုလ်ဟူသရွေ့၊ အာသဝကြောင့် ဖြစ်တဲ့ အကျိုးတရားလို့ ဘုရားက ဟောလိုက်တယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

**ဘုံဘဝတောင့်တတဲ့ကုသိုလ်**

ဘုံဘဝ တောင့်တလုပ်တဲ့ ကုသိုလ်တွေ ဝမ်းထဲမှာ ပြည့်နေမယ်ဆိုရင် ဒါ ဘယ်သူ့ကြောင့် ဖြစ်တာတုံး . . . (အာသဝ ကြောင့်ပါဘုရား)။

ဒါဖြင့် ဒါ အာသဝကြောင့်လုပ်တဲ့ ကုသိုလ်ဖြင့် သူဘုံဘဝ တွေ ဒုက္ခသစ္စာတွေ ပေါ် မပေါ် . . . (ပေါ်ပါတယ် ဘုရား) ပေါ်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဘယ်မှာ နိဗ္ဗာန် ပေါ်တာ ဟုတ်ရဲ့လား . . . (မဟုတ်ပါဘူးဘုရား)။

ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ပေါ်တာ ဟုတ်ရဲ့လား . . . (မဟုတ်ပါဘူးဘုရား) ဒါကြောင့်တဲ့ ဘာလေးလျှလျှ ဘာလေး တန်းတန်း၊ ခင်ဗျားတို့ အာသဝေါတရားကုန်ရာသာ ရောက်ရ ပါလို၏လုပ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘာလေးလျှလျှ ဘာလေးတန်းတန်း . . . (အာသ ဝေါ တရားကုန်ရာသာ ရောက်ရပါ၏ ဘုရား) အဲဒါလည်း ဆုတောင်းတာပဲ ရှိသေးတယ်၊ ကုန်အောင်လုပ်တဲ့ အလုပ်က မဂ္ဂင်ရှစ်ပါးနဲ့ လုပ်မှရမှာ . . . (မှန်ပါ့) အဲဒါဆုတောင်း တဲ့အလုပ်က ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

**ဆုတောင်းနဲ့တော့မရဘူး**

ဆုတောင်းနဲ့တော့ မရပါဘူး၊ ကြက်မကြီး တွန်နေလို့ ကြက်ဥတွေက အလိုလိုပေါက်မှာလား . . . (မပေါက်ပါဘူး ဘုရား)။ သူက ဝပ်ရဦးမှာ . . . (မှန်ပါ့) ကြက်ငွေ့တွေပေးရ ဦးမယ် မဟုတ်လား . . . (မှန်ပါ့)။

အင်း-အထဲမှာရှိတဲ့ ကြက်ဥထဲမှာရှိတဲ့ အင်း ကိုယ့် ကိုယ်ငွေ့နဲ့ ဝပ်ပေးမှသာလျှင်၊ ဟိုထဲမှာရှိတဲ့ အရည်တွေခန်းပြီး ကြက်ကောင်လေးတွေဖြစ်ပြီး အပြင်ဘက်ထွက်နိုင်တာ . . . (မှန်ပါ့) မဝပ်ပဲနဲ့ ရတယ်လို့ ထုံးစံရှိရဲ့လား (မရှိပါဘူးဘုရား)။

အဲ့ဒါ ဘုရားကလည်း မဟောဘူးလား . . . (ဟောပါ တယ်ဘုရား) အပြင်ဘက်ကနေ ငါ့ကြက်ကလေးတွေ ပေါက်ပါ စေလို့ ကြက်မကြီးကလည်း မေတ္တာပို့နေလို့ရော ကြက်ဥ ကလေးတွေ မပေါက်ဘူးတဲ့ . . . (မှန်ပါ့)။

သူ့ဥထားတဲ့ဥ ပေါက်ပါ့မလား . . . (မပေါက်ပါဘူး ဘုရား) အဲ့ဒီ အတိုင်းပါပဲ၊ ဒကာ ဒကာမတို့ လုပ်ဦးမှရမယ် . . . (မှန်ပါ့) ဘယ်လိုဟောပါလိမ့် . . . (လုပ်ဦးမှ ရမှာပါ ဘုရား)။

ကဲ လုပ်ကြပါစို့တဲ့၊ ဒကာ ဒကာမတို့ ဒါ သိမ်းလိုက်ပါ ပြီနော် . . . ခန္ဓာကို ဒုက္ခသစ္စာသိဖို့ အရေးကြီးတယ် . . .

(မှန်ပါ့) ခန္ဓာကို ဘာသစ္စာသိဖို့ . . . (ဒုက္ခသစ္စာသိဖို့ အရေးကြီးပါတယ်ဘုရား)။

အဲ ဒုက္ခသစ္စာကို သိပါပြီ၊ ဒကာ ဒကာမတို့ မဂ္ဂသစ္စာပေါ့ဗျာ . . . (မှန်ပါ့) ကိုင်း-ဒီဘက်က မဂ္ဂသစ္စာထား၊ ဒီက ခန္ဓာငါးပါး၊ ဒီက ခန္ဓာငါးပါးထားတာပေါ့၊ ဒကာ ဒကာမတွေသိပြီးသားအတိုင်းနော် . . . (မှန်ပါ့)။

## ဝေဒနာကိုဖြစ်ပျက်ရှု

အဲဒီတော့ ခင်ဗျားတို့ကို ဖြစ်ပျက်ရှုခိုင်းတယ် ဘုန်းကြီးကနော် . . . (မှန်ပါ့) ဒီက ရုပ်တရားကို ဖြစ်ပျက်ရှု၊ ဒကာ ဒကာမတို့ ဝေဒနာကို ဖြစ်ပျက်ရှု၊ ရှုချင်တာရှု၊ ခန္ဓာပဲ မကျဘူးလား . . . (ကျပါတယ်ဘုရား) ဒါ ခန္ဓာငါးပါးကိုး။

တစ်ပါးပါး ဖြစ်ပျက်ရှုလို့ရှိရင် ခန္ဓာပေါ် ခန္ဓာထဲရှုရာမရောက်ဘူးလား . . . (ရောက်ပါတယ်) ရောက်တော့ ဒီဖြစ်လိုက် ပျက်လိုက်၊ ဝေဒနာလေးပေါ်လိုက် ဖြစ်လိုက်ပျက်လိုက်၊ စိတ် ကလေးပေါ်လာ . . . (ဖြစ်လိုက်၊ ပျက်လိုက်ပါဘုရား)။

အင်း ရုပ်ကလေးတွေက ကွေးလိုက် ဆန့်လိုက်လို့ရှိရင်ဖြင့် ဒကာ ဒကာမတွေသိတဲ့အတိုင်း အင်း-ထောက်ကန်လို့

ထောက်ကန်တဲ့ ရုပ်တွေပျက်ပြီးသကာလ လှုပ်ရှားတဲ့ရုပ်တွေ ပေါ်ချင်ပေါ်လာတယ် . . . (မှန်ပါ့)။

## ရုပ်တရားကိုဖြစ်ပျက်ရှု

လှုပ်ရှားတဲ့ရုပ်တွေပျောက်ပြီး အင်း တောင့်တင်းတဲ့ ရုပ်တွေကော . . . (ပေါ်ပါတယ်ဘုရား) အင်း ဒါတွေလည်း ဖြစ်လိုက်၊ ပျက်လိုက် မနေဘူးလား . . . (နေပါတယ်ဘုရား) အဲဒီ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်ပြန်ပြီ ပျက်ပြန်ပြီ ဖြစ်ပြန်ပြီ၊ ပျက်ပြန်ပြီလို့ ဟောဒီ မဂ္ဂင်နဲ့ ကြိုက်တာကိုရှု တစ်ခုခုကို . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ကြိုက်တာကို တစ်ခုခုရှု စိတ်ကြိုက်ရင် စိတ်ရှု၊ ဝေဒနာ ကြိုက်ရင် ဝေဒနာကိုရှု၊ ကြိုက်တာရှု၊ တစ်ခုရှု အကုန်ပါမှာပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဲဒီကဲ့သို့ ရှုလိုက်တဲ့အခါကျတော့မှ ဩော် . . . မိမိ ခန္ဓာကြီးဟာ ဒါ မိမိဉာဏ်ပေါ့ဗျာ မိမိမဂ္ဂင် မိမိဉာဏ်နဲ့ မိမိခန္ဓာ ကြည့်လိုက်တော့မှ ဒကာ ဒကာမတွေ ခဏ ခဏ အင်း- ဖြစ်လိုက် ပျက်လိုက်၊ ဝေဒနာကြည့်လည်း ဖြစ်လိုက်ပျက်လိုက်၊ အင်း-သုခ ကြည့်လိုက်ပြန် ဖြစ်လိုက် ပျက်လိုက်၊ ဒုက္ခကြည့် လိုက်ပြန် . . . (ဖြစ်လိုက်ပျက်လိုက်ပါဘုရား)။

**မိမိခန္ဓာမဟုတ်၊ ဖြစ်ပြီးပျက်နေတာ**

ဥပေက္ခာလေးကြည့်လိုက် (ဖြစ်လိုက်ပျက်လိုက်ပါဘုရား) ဩော် . . . မိမိခန္ဓာလား . . . အောက်မေ့တယ် . . . မိမိခန္ဓာ မဟုတ်ပါလား၊ သူဟာ သူ့သဘောနဲ့သူ ဖြစ်ပြီးပျက်နေတာပါလား . . . (မှန်ပါ့)။

ဒီလိုမြင်ရမယ် . . . (မှန်ပါ့) တစ်ခြားစီ ကြည့်ရမယ် . . . (မှန်ပါ့) ကြည့်တဲ့လူက ဉာဏ်ကတစ်ခြား . . . (မှန်ပါ့) ခန္ဓာက တစ်ခြား . . . (မှန်ပါ့) တစ်ခြားစီမြင်ရမယ် . . . (မှန်ပါ့)။

အကြည့်ခံနေတာက ဖြစ်တာပျက်တာပဲရှိရမယ် . . . (မှန်ပါ့) ကြည့်ဉာဏ်ကလည်း ဖြစ်တာပျက်တာကိုပဲ မြင်နေရမယ် . . . (မှန်ပါ့)။

ဒါဖြင့် ဩော်-ဒါက ကြည့်တာက ဉာဏ်ဓမ္မ၊ တစ်ခြားဉာဏ်ဦးစီးတဲ့ ဓမ္မကတစ်ခြား . . . (မှန်ပါ့) အကြည့်ခံရတာက ခန္ဓာဓမ္မက တစ်ခြား . . . (မှန်ပါ့) အကြည့်ခံရတာက ဘာဓမ္မ . . . (ခန္ဓာဓမ္မပါဘုရား)။

အင်း-ကြည့်တဲ့ ဓမ္မက ဉာဏ်ဓမ္မ . . . (မှန်ပါ့) ခန္ဓာဓမ္မကို ဉာဏ်ဓမ္မနဲ့ကြည့်ပါ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## ခန္ဓာ၏သဘောကို ဉာဏ်သဘောနဲ့ကြည့်

ခန္ဓာ ဓမ္မကို (ဉာဏ်ဓမ္မနဲ့ကြည့်ရမှာပါဘုရား) ခန္ဓာ၏ သဘောကို ဉာဏ်သဘောနဲ့ကြည့်ပါ . . . (မှန်ပါ့) သဘောပါ ကြပလား . . . (ပါပါတယ်ဘုရား) ဘယ်လိုသိကြမယ် . . . (ခန္ဓာ၏ သဘောကို ဉာဏ်သဘောနဲ့ကြည့်ရမှာပါဘုရား)။

ခန္ဓာ၏ သဘောကို ဉာဏ်သဘောနဲ့ ကြည့်ပေးပါတဲ့၊ ခန္ဓာ၏ သဘောကို ဉာဏ်သဘောနဲ့ ကြည့်ပေးလိုက်တဲ့အခါကျ တော့ ခန္ဓာက ကိုယ့်ခန္ဓာမဟုတ်တဲ့အတွက် ဒုက္ခသစ္စာသာ ဖြစ်နေတဲ့အတွက် သူ့ဘာမှ ပြောလေ့မရှိဘူး၊ ဒုက္ခသစ္စာသာပဲ ပြောမယ် . . . (မှန်ပါ့)။

ခန္ဓာသဘောက ဘာပြောပါလိမ့် . . . (ဒုက္ခသစ္စာသာ ပြောပါတယ်ဘုရား) ဉာဏ်သဘောက ဘယ်လိုများ သိပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့ ဩော် . . . ဖြစ်ပြီးပျက်နေတဲ့ဉစ္စာ ဒုက္ခသစ္စာပဲလို့ သိမနေပေဘူးလား . . . (သိပါတယ် ဘုရား)။

## ခန္ဓာသဘောက ဒုက္ခသစ္စာ

သိနေတော့ ခန္ဓာသဘောက ဒုက္ခသစ္စာ ဟုတ်လား . . . (မှန်ပါ့) ခန္ဓာပင်ကိုသဘောက . . . (ဒုက္ခသစ္စာပါဘုရား)

ဉာဏ်၏ ထိုးထွင်းမှု သဘောကလည်းတဲ့ ခု ဆရာ ပေးထားတဲ့ မျက်လုံး ဘုရားပေးထားတဲ့မျက်လုံးနဲ့ မဂ္ဂင်ရှစ်ပါး သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဆိုတဲ့ မျက်မှန်တပ်ပြီး သမ္မာဒိဋ္ဌိ မျက်လုံးဖြင့် ကြည့်လိုက်ပြီဆိုမှဖြင့် ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ပဲ ဉာဏ် သဘောက သိတယ် . . . (မှန်ပါ့)။

မသိဘူးလား . . . (သိပါတယ်ဘုရား) ဒါဖြင့် အသိသမားက တစ်ယောက် (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား) အသိခံရတဲ့ ဓမ္မက . . . (တစ်ယောက်ပါဘုရား) အသိသဘောက တစ်ခြားနော် . . . (မှန်ပါ့) အသိခံဓမ္မက တစ်ခြား . . . (မှန်ပါ့)။

ဒီသဘောနဲ့ ဒီသဘောဟာ တစ်ခြားစီထားပါ . . . (မှန်ပါ့)။ သူကသိတတ်တာပဲ ပဓာနထားပါ . . . (မှန်ပါ့) သူက သူ့ပင်ကိုသဘောကို ဒုက္ခသဘောကို ဒုက္ခပြောတတ်တာက သူ့ပင်ကိုသဘော . . . (မှန်ပါ့)။

ဒုက္ခရှိလည်း ဒုက္ခသဘောပြောတာက ခန္ဓာသဘော၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)၊ ဒုက္ခရှိရင် ဒုက္ခတွေ ထုတ်ပြနေတာက . . . (ခန္ဓာသဘောပါဘုရား)။

## ဉာဏ်သဘောကတော့

ဉာဏ် ဓမ္မက မင်းဘာပြောမလဲ၊ မင်းသဘောကို ငါ အမှန်သိအောင် စောင့်ကြည့်မယ်လို့ဆိုတာက ဘယ်သူ့ သဘောတုံး . . . (ဉာဏ်သဘောပါဘုရား) ဉာဏ်သဘောက အမှန်သိအောင် စောင့်ကြည့်တာ . . . (မှန်ပါ့)။

ခန္ဓာသဘောက သူ့ရှိတာပြောတာ . . . (မှန်ပါ့) ခန္ဓာက ရှိတာပြော၊ သူ့ရှိတာ သူပြောတာ . . . (မှန်ပါ့) သူ့ရှိတာက ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

အင်း-ဖြစ်တာလည်း ဒုက္ခ၊ ပျက်တာလည်း ဒုက္ခ . . . (မှန်ပါ့) ဒီသစ္စာပဲ သူပြောလေ့ရှိတယ် . . . (မှန်ပါ့) ဉာဏ် သဘောက မင်းပြောချင်တာပြောစမ်း၊ ကြည့်စမ်းမယ်ဆိုပြီး ကြည့်တဲ့သဘောက ဉာဏ်၏သဘော . . . (မှန်ပါ့)။

အဲဒီကဲ့သို့ ဒီလိုသိသွားတဲ့အခါကျတော့ ဩော် သူက ဒုက္ခသစ္စာ၊ သူ့သဘောက ဒုက္ခသစ္စာဟုတ်လား . . . (မှန်ပါ့) အင်း . . . ဉာဏ်၏ ပင်ကိုက ထိုးထွင်းမှုကတော့ သူ့မှာ နဂို ဉာဏ်တုန်းကတော့ဖြင့် ခုလို သစ္စာမသိတဲ့ဉာဏ်တရားတွေ နာနေရ အားထုတ်နေတုန်းကတော့ဖြင့် ဒါ လူပဲ နတ်ပဲ ဖြစ်နေ တာပေါ့ကွာ (မှန်ပါ့)။

ခန္ဓာငါးပါးဟာ လူပဲ နတ်ပဲ မဖြစ်ဘူးလား . . . (ဖြစ်ပါ တယ်)။ ခု သေသေချာချာ စဉ်းစားတော့ ဉာဏ်သဘော ဆရာ

ဘုန်းကြီးကပေးပေးလာတဲ့အခါကျတော့ ဒီဉာဏ်က ကလျာဏ မိတ္တသူတော်ကောင်းနဲ့ ပေါင်းသင်းလို့ရတဲ့ ဉာဏ်ဖြစ်ပြီး သကာလ နေသောကြောင့် ဒီဉာဏ်ကတော့ဖြင့် လူ့သဘောကို မသိဘူး၊ ဒုက္ခသစ္စာသဘောသာ သိတယ် . . . (မှန်ပါ့)။

## ဉာဏ်က ဘာသိပါလိမ့်

ဒီဉာဏ်က ဘာသိပါလိမ့် . . . (ဒုက္ခသစ္စာသဘော သာ သိပါတယ်ဘုရား) ခန္ဓာက ဘာပြောတုံး . . . (ဒုက္ခ ပြောပါ တယ်ဘုရား) အင်း ဆရာသမား အကူအညီနဲ့ ရထား တဲ့ဉာဏ်က ဘာကိုသိတုံး (ဒုက္ခသစ္စာ သိပါတယ်ဘုရား)။

ဒုက္ခသစ္စာကို သိတော့။ သူက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ အဲဒီကျတော့မှ ခုနကတဲ့ ဒီကြားထဲမှာ ကာမာသဝက လည်း ဒီခန္ဓာကြီးလိုချင် သေးလား . . . (မလိုချင်ပါဘူးဘုရား) ဘဝါသဝကလည်း ဒီခန္ဓာကြီးနဲ့ ပျော်သေးလား . . . (မပျော်ပါ ဘူးဘုရား)။

အဝိဇ္ဇာသဝကလည်း ဒီခန္ဓာကြီးကို သူ ဒုက္ခသစ္စာ သိထား တော့ ငါ့ကိုယ် ငါ့ဟာလို့ ယူအောင်ဖုံးထားသေးလား . . . (မဖုံးပါဘူး) ဒါဖြင့် အာသဝေါတရားတွေက မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)။

## အာသဝေါတရားတွေချုပ်တယ်

အာသဝေါတရားတွေ သစ္စာကိုသိတဲ့အတွက် အဝိဇ္ဇာပါ ရောချုပ်တယ် . . . (မှန်ပါ့) ခေါင်းဆောင်လဲချုပ် နောက်လိုက်တွေကော . . . (ချုပ်ပါတယ်ဘုရား)။

ခေါင်းဆောင်က အဝိဇ္ဇာ၊ နောက်လိုက်က ကာမာသဝ၊ ဘဝါသဝ အဝိဇ္ဇာသဝ (မှန်ပါ့) မချုပ်သေးဘူးလား . . . (ချုပ်ပါတယ်ဘုရား) ထိုကဲ့သို့ ချုပ်သွားတဲ့ အခါကျတော့ ဒီ အာသဝေါတရား ကုန်တာကို ဘာခေါ်ကြမလဲ . . . (နိဗ္ဗာန် ပါဘုရား)။ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အာသဝေါတရားကုန်တာကို . . . (နိဗ္ဗာန်ပါဘုရား) အဲ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ မြင်လို့ရှိရင် အာသဝေါတရား ကုန်ပါတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အာသဝေါ တရားကုန်တော့ ဒီခန္ဓာကြီးကတော့ ရှိနေမှာပဲ (မှန်ပါ့) ရှိပင်ရှိငြားသော်လည်း ကိလေသာ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကြီး သူရနေတယ် . . . (မှန်ပါ့)။

## ခန္ဓာရှိပေမယ့် ကိလေသာချုပ်နေတယ်

ခန္ဓာကတော့ ဒကာ ဒကာမတွေ သိတဲ့အတိုင်းတဲ့ ပရိနိဗ္ဗာန် စံမှပဲ ခန္ဓာက ပျောက်မယ် . . . (မှန်ပါ့) ခန္ဓာရှိပေမယ့် ကိလေသာ ချုပ်နေတဲ့ ဘုရားကိုယ်တော်ကြီးလို ဖြစ်နေတယ် (မှန်ပါ့)။

ဘုရားက ခန္ဓာတော့ မရှိဘူးလား . . . (ရှိပါတယ် ဘုရား)။ အာသဝေါတရားကတော့ . . . (ကုန်ပါတယ်ဘုရား) အဲ-သူ့ဉာဏ်နဲ့ သူ့ခန္ဓာတော့ သူကြည့်တာပဲတဲ့ အာသဝေါ ကတော့ ရှိကိုမရှိဘူး (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ် ဘုရား)။

ခန္ဓာကြီးနဲ့တော့ ဆွမ်းဘုန်းပေးလိုက်၊ သွားလိုက်၊ လာလိုက်၊ သက်န်းရုံလိုက်၊ တန်ခိုးပြလိုက်ရှိတာပါပဲတဲ့ သဘော ကျပလား . . . (ကျပါတယ်ဘုရား)။

အာသဝေါကတော့ ဘယ့်နှယ်နေတုံး . . . (ကုန်ပါ တယ်ဘုရား) အဲ-သစ္စာသိလို့ ဒါက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ ကုန်တာက အာသဝေါတရား . . . (မှန်ပါ့) မကုန်သေးဘူးလား . . . (ကုန်ပါပြီဘုရား)။

## ပထမမဂ်ရရင်

မဂ်လေးတန်ရရင် အာသဝေါကုန်တာပဲ . . . (မှန်ပါ့) ပထမမဂ် ရမယ်ဆိုရင် ဒိဋ္ဌာသဝကုန်မှာပဲ၊ ကာမာသဝ လေးပိုင်း တစ်ပိုင်း ကုန်မှာပဲ၊ အဝိဇ္ဇာသဝ လေးပိုင်းတစ်ပိုင်းကုန်မှာပဲ၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒိဋ္ဌာသဝကတော့ဖြင့် စင်းလုံးချော ကုန်တယ်လို့ မှတ်လိုက်ပါတော့ . . . (မှန်ပါ့)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ လုပ်တတ်ပါပလား . . . (လုပ်တတ်ပါပြီဘုရား) ဒုက္ခသစ္စာသိအောင် ဖြစ်ပျက်က ဒုက္ခ သစ္စာပဲလို့သာ ရှု (မှန်ပါ့) ရှုလိုက်လို့ရှိရင်ဖြင့် ရှုညာဏ်က မဂ္ဂသစ္စာ ဖြစ်ပြီး ကုန်တာက ဘာလာဖြစ်တုံး (အာသဝေါပါ ဘုရား)။

## ဒီအတိုင်းအားထုတ်ပါ

အာသဝေါသည် ကုန်တာက အာသဝ၊ ကုန်တဲ့နေရာ အစားထိုးတာက အာသဝချုပ်တဲ့ နိဗ္ဗာန် . . . (မှန်ပါ့) ကုန်တာက (အာသဝပါဘုရား) ကုန်တဲ့နေရာ အစားထိုးတာက . . . (နိဗ္ဗာန် ပါဘုရား)။

အဲ-နိဗ္ဗာန်ကလည်း အာသဝချုပ်ရာမကျသေးဘူးလား (ကျပါတယ်ဘုရား) သဘောပါပလား . . . (ပါပါပြီဘုရား) ဒီအတိုင်း အားထုတ်ပါလို့ သတိပေးလိုက်တယ် . . . (မှန်ပါ့)။

တဲ . . . ယနေ့ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု . . .။